# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကာဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၀၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများဆွေးနွေး

နေပြည်တော် ဧပြီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်လူကုန်ကူးမှုများ၊ မူးယစ်ကုန်သွယ်မှုများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


**အပူလျှပ်ခြင်းအကြောင်း သိကောင်းစရာ အဖြာဖြာ**
ဆောင်းပါး | စာ ၁၀

**နိုင်ငံဂျီးရီးယားနိုင်ငံရှိ ကလေး ၂ ဒသမ ၂ သန်းမှာ ပုံမှန်ကာကွယ်ဆေးထိုးနှံမှု မရရှိကြ**
နိုင်ငံတကာသတင်း | စာ ၁၄

**အနုပညာသည် ပြည်သူအတွက်မို့ လက်ခုပ်တီး၍ ကြိုဆိုမည် မြန်မာ့ရုပ်ရှင်အကယ်ဒမီ . . . .**
ဆောင်းပါး | စာ ၁၆


## ထူးခြားသည့် နေ့အပူချိန်များ

၂၁-၄-၂၀၂၃

| | | |
|---|---|---|
| ချောက်မြို့ | ၄၆ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |

## အကြမ်းဖက်ဂိမ်းများ ဝေးဝေးကရှောင်ကြဉ်

မိမိတို့၏ အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံတွင် လူငယ်များ အင်တာနက်ဂိမ်းအလွန်အကျွံကစားခြင်းနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ကန့်သတ်ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ကြောင်း မီဒီယာများတွင် တွေ့ရှိရသည်။ လူငယ်များအကြား ဂိမ်းစွဲလမ်းမှုပြဿနာမှာ စိုးရိမ်ဖွယ်ရာဖြစ်လာရသည့် အခြေအနေတွင် အသက် ၁၈ နှစ်အောက် လူငယ်များကို ရက်သတ္တပတ်၏ နောက်ဆုံးရက်ဖြစ်သော သောကြာနေ့နှင့် စနေ၊ တနင်္ဂနွေနေ့တို့တွင် တစ်ရက်လျှင် တစ်နာရီနှုန်းဖြင့် တစ်ပတ်လျှင် သုံးနာရီထက်ပို၍ ဂိမ်းမကစားရန်အတွက် နည်းပညာဖြင့် ထိန်းချုပ်ခြင်းဖြစ်သည်ဟုလည်း သိရသည်။

လူငယ်များသည် စိတ်ပိုင်း၊ ရုပ်ပိုင်း ဖွံ့ဖြိုးတိုးတက်သောအရွယ်ဖြစ်ပြီး သင်ယူလေ့လာနေသော အရွယ်လည်းဖြစ်ရာ ပတ်ဝန်းကျင်နှင့် ထိတွေ့လှုပ်ရှားနေရန် လိုအပ်သည်။ စမတ်ဖုန်းများ၊ တက်ဘလက်များ၊ ကွန်ပျူတာများ၏ မျက်နှာပြင်များကို ကြည့်ရှုကာ နာရီပေါင်းများစွာကို နေ့စဉ် ကုန်ဆုံးစေခြင်းက လူငယ်များအတွက် အကျိုးထက် အပြစ်ပိုနေသည်ကို တွေ့လာရသည်။ သူငယ်ချင်းများနှင့် ကစားခြင်း၊ အားကစားသို့မဟုတ် ဝါသနာပါရာ လက်မှု၊ ဖန်တီးမှုစသည်တို့ ပြုလုပ်ခြင်း၊ စာဖတ်ခြင်း စသည်ဖြင့် ကာယဉာဏဖွံ့ဖြိုးမှုတို့ကို အားပေးခြင်းဖြင့် အီလက်ထရွန်နစ်မီဒီယာများအပေါ် စွဲလမ်းခြင်းကြောင့် လူငယ်များ၏ အမူအကျင့်များအပေါ်တွင်လည်းကောင်း၊ ကိုယ်ရောစိတ်ပါ ကျန်းမာရေးတို့အပေါ်တွင်လည်းကောင်း၊ ကျောင်းသင်ခန်းစာများ လေ့လာသင်ယူမှုအပေါ်တွင်လည်းကောင်း ထိခိုက်မှုဆိုးကျိုးများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

ဆယ်ကျော်သက်အရွယ်များ၊ လူငယ်များမှာ သဘာဝအားဖြင့် အသစ်အဆန်းအပေါ် စိတ်ဝင်စားမှုနှင့် လေ့လာစူးစမ်းလိုမှုတို့ မြင့်မားပြီး လှုပ်ရှားတက်ကြွသည့်စိတ်နှင့် စွန့်စားရန်းကန်တိုက်ခိုက်လိုသည့်စိတ်တို့လည်း မြင့်မားကြသည်။ ၎င်းသဘာဝကို အခြေခံ၍ ဂိမ်းဖန်တီးထုတ်လုပ်သူများက စွန့်စားမှု၊လှုပ်ရှားမှု၊တိုက်ခိုက်မှုအသားပေးသည့်ဂိမ်းများကို လူငယ်များအကြိုက် အပြိုင်အဆိုင် ဖန်တီးထုတ်လုပ်ကြရာမှ အစွန်းရောက်လာကြပြီး ရက်စက်မှု၊ အကြမ်းဖက်သတ်ဖြတ်မှု၊ ဥပဒေချိုးဖောက်မှု၊ လုယက်ဖျက်ဆီးမှုတို့ကို ဂိမ်းထဲတွင် အလွယ်တကူပြုလုပ်လာနိုင်ခြင်းနှင့်အတူ လူငယ်များနှင့်လည်း ယဉ်ပါးလာစေသည်။ နည်းပညာမြင့်မားလာသည်နှင့်အမျှ ဂိမ်းထဲမှ လှုပ်ရှားမှုများ၊ ပုံရိပ်များ၊ အသံများ၊ မြင်ကွင်းများ စသည်တို့မှာ သဘာဝနှင့် ပို၍ ပို၍ နီးစပ်လာသည်။ သို့ရာတွင် ဥပဒေနှင့်လူ့ကျင့်ဝတ်တို့ကို မေ့လျော့သွားစေပြီး အကြမ်းဖက်ရက်စက်မှုများကို အားပေးရာ၊ သင်ကြားပေးရာရောက်နေသည့်အတွက် ယင်းသို့သော ဂိမ်းများကို တားမြစ်ပိတ်ပင်သည့် နိုင်ငံများလည်း ရှိလာသည်။

မိမိတို့နိုင်ငံတွင် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်နှင့်အတူ ပြည်ပရောက်အကြမ်းဖက်အဖွဲ့အစည်းနှင့် ၎င်း၏လက်ဝေခံပြည်တွင်းအကြမ်းဖက်အုပ်စုများ ပေါ်ပေါက်ခဲ့ရာ ၎င်းတို့ကလည်း ဂိမ်းအက်ပလီကေးရှင်းများ ဖန်တီးပြီး အကြမ်းဖက်လုပ်ငန်းများအတွက် ရန်ပုံငွေရရှိရေး၊ ဝါဒဖြန့်ချိရေးတို့အတွက် တစ်ချက်ခုတ်နှစ်ချက်ပြတ် ပြုလုပ်ခဲ့ကြသည်။ အဆိုပါ PDF ဂိမ်းများကို သိလျက်နှင့်ဖြစ်စေ၊ မသိ၍ဖြစ်စေ၊ အပျော်သက်သက်ကစားရန်အတွက်ဖြစ်စေ မိမိတို့၏ ဖုန်းထဲတွင် ထည့်သွင်းထားခြင်း၊ ကစားခြင်းဖြင့် အကြမ်းဖက်ဥပဒေနှင့် ငြိစွန်းမည်ဖြစ်သည်။ PDF Game များကို ကစားခြင်းသည် အကြမ်းဖက်အဖွဲ့များကို ငွေကြေးထောက်ပံ့ခြင်းပင် ဖြစ်ခြင်းကြောင့် အပျင်းပြေ အပျော်သက်သက်မျှသာဟူ၍ မိမိဘာသာယူဆထားသော ဂိမ်းကစားခြင်းသည် ကြီးလေးသော ပြစ်မှုပြစ်ဒဏ်နှင့် ရင်ဆိုင်ရနိုင်သည့်အလျောက် ဝေးစွာရှောင်ကြဉ်နိုင်ကြပါစေကြောင်း။ ။



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပရေးနှင့် မဏ္ဍပ်များဆောက်လုပ်ရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဓမ္မာရုံတစ်ရုံ၊ အခြေခံပညာကျောင်း နှစ်ကျောင်းတို့၌ ဖွင့်လှစ်သင်ကြားမည့် ဗုဒ္ဓဘာသာ အခြေခံယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က ယဉ်ကျေးလိမ္မာသင်တန်းများကို တက်ရောက် သင်ယူရသည့်အတွက် ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် ဒုစရိုက်တရားများကို ရှောင်ကြဉ်၍ သုစရိုက် တရားများကို ဆောင်တတ်လာခြင်း၊ ဆရာ၊ မိဘ၊ လူကြီးသူမများကို ရိုသေကိုင်းရှိုင်းသော လူယဉ်ကျေးကလေးများဖြစ်လာခြင်း၊ မြန်မာ့ယဉ်ကျေးမှု အနှစ်သာရများကို တန်ဖိုးထားတတ်လာခြင်း၊ လူတော်လူကောင်းများ ဖြစ်လာခြင်း စသည့်အကျိုးတရားများကို ရရှိလာစေမည်ဖြစ်ပါကြောင်း၊ သင်တန်းနည်းပြများ ပို့ချသော ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်ခန်းစာများကို စနစ်တကျ လေ့လာသင်ယူဆည်းပူးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ပို့ချနိုင်ရေးအတွက် သင်ရိုးညွှန်းတမ်းစာအုပ်များဖြစ်သည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ လှူဒါန်းသည့် ဗုဒ္ဓဝင်ဗုဒ္ဓဖြစ်စဉ်တော် စာအုပ်များ၊ နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် ယဉ်ကျေးလိမ္မာ ၃၈ ဖြာ မင်္ဂလာစာအုပ်များ၊ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှုစာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်နှင့် စာရေးကိရိယာများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က လက်ခံရယူသည်။

ယင်းနောက် သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် အလှူငွေများနှင့် အချိုရည်ဘူးများကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူ လူငယ်များအား ဗုဒ္ဓဘာသာအခြေခံယဉ်ကျေးလိမ္မာသင်ခန်းစာများ သင်ကြားပို့ချပေးနေမှုကို ကြည့်ရှုအားပေးသည်။(**အပေါ်ပုံ**)

အဆိုပါ ဗုဒ္ဓဘာသာအခြေခံယဉ်ကျေး လိမ္မာသင်တန်းကို နေရာသုံးနေရာတို့တွင် ကျောင်းသား ကျောင်းသူလူငယ် စုစုပေါင်း ၁၇၂ ဦးဖြင့် မေ ၂၁ ရက်မှ ၂၉ ရက်အထိ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုနယ်မြေ မြို့နယ် ရှစ်မြို့နယ်ရှိ နေရာ ၁၀၄ နေရာတွင် ကျောင်းသား လူငယ်စုစုပေါင်း ၈၃၀၀ ကျော်ကို သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်ရှိ အခြေခံပညာကျောင်း ရှစ်ကျောင်းတွင် ကွန်ပျူတာအခြေခံသင်တန်းနှင့် အင်္ဂလိပ်စကားပြောသင်တန်းများကို မေ ၂၄ ရက်မှ စတင်၍ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့်အတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း ကဆုန်လပြည့်ဗုဒ္ဓနေ့ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ညောင်ရေသွန်းလောင်းမည့် မဟာ ဗောဓိပင်တော်များအား ပြင်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည်နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗုဒ္ဓနေ့မင်္ဂလာအခမ်းအနား ကဆုန်ညောင်ရေသွန်းလောင်းပွဲ ကျင်းပရေးနှင့် မဏ္ဍပ်များ ဆောက်လုပ်ရေး ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးက ကဆုန်လပြည့် ဗုဒ္ဓနေ့ အခမ်းအနားများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာဌာနဆိုင်ရာများက မဏ္ဍပ်တည်ဆောက်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ ရေလုံလောက်စွာရရှိရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်း တင်ပြကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များ၌ ကျောင်းသား ကျောင်းသူများအတွက် နွေရာသီသင်တန်းဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှု

**နေပြည်တော် မေ ၂၁**

နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် သား၊ သမီးများ၊ ကျောင်းသား ကျောင်းသူ၊ လူငယ်၊ မောင်မယ်များအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး လူတော်၊ လူကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ ယဉ်ကျေးလိမ္မာ သင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများကို မေ ၁၈ ရက်မှစတင်၍ တပ်နယ်အသီးသီး၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များက ပုဗ္ဗသီရိတပ်နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇေယျာသီရိတပ်နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖွင့်လှစ်ထားရှိသည့် ကွန်ပျူတာအခြေခံသင်တန်းများသို့ သွားရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



နေပြည်တော် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတွင် ယဉ်ကျေးလိမ္မာသင်တန်း သင်တန်းသားသင်တန်းသူ ၂၁၆၈ ဦး၊ အင်္ဂလိပ်စာအခြေခံသင်တန်း သင်တန်းသားသင်တန်းသူ ၁၇၅၀ နှင့် ကွန်ပျူတာအခြေခံသင်တန်း သင်တန်းသားသင်တန်းသူ ၆၉၁ ဦးတို့ကို မေ ၁၈ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်လူကုန်ကူးမှုများ၊ မူးယစ်ကုန်သွယ်မှုများနှင့် လက်နက်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များဆွေးနွေး

■ *ရှေ့ဖုံးမှ*

လက်နက်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း


နေပြည်တော် ဧပြီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသည့် မှော်စက်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၄၆၁ စု၊ ကမာကဆစ်ရပ်ကွက်ရှိ အိမ်ထောင်စု ၂၈၇၇ စုနှင့် ဗညားဒလရပ်ကွက် နန်းဦးပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော သံဃာတော် အပါး ၁၅၀ တို့အတွက် သောက်သုံးရေ အဆင်ပြေစေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ ရေသယ်ရေယာဉ် ၁၀ စီးဖြင့် သောက်သုံးရေစုစုပေါင်း ဂါလန် ၃၇၅၀၀ ကို သွားရောက်ဖြန့်ဝေလှူဒါန်းပေးသည်။

ထို့သို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး နန်းဦးပရိယတ္တိစာသင်တိုက်သို့ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai နှင့် တွေ့ဆုံ



နေပြည်တော် ဧပြီ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Don Pramudwinai ကို ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။(ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး ပိုမိုတိုးမြှင့်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး အထူးသဖြင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍအပါအဝင် နယ်စပ်ဒေသများ၌ တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင်လုပ်ငန်းများ အတူတကွ တိုက်ဖျက်သွားရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## လစာနှုန်းထားတိုးမြှင့်မယ်ဆိုပြီး ထွက်ပေါ်နေသည့် သတင်းကတော့ ကောလာဟလပဲဖြစ်

နေပြည်တော် ဧပြီ ၂၁

နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားတိုးမြှင့်မည်ဟု လူမှုကွန်ရက် စာမျက်နှာတွင် ပျံ့နှံ့နေသည့် ကောလာဟလနှင့် ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိုက်က အောက်ပါအတိုင်း ဖြေကြားခဲ့ပါသည်-

လက်ရှိပြင်ပမှာဖြစ်ပေါ်နေတဲ့၊ သတင်းထွက်ပေါ်နေတဲ့ လစာနှုန်းထား တိုးမြှင့်မယ်ဆိုပြီး ထွက်ပေါ်နေတဲ့ သတင်းကတော့ ကောလာဟလပဲဖြစ်ပါတယ်။ လစာနှုန်းထားတွေကတော့ လက်ရှိ လစာနှုန်းထားအတိုင်းပဲ ဖြစ်ပါတယ်။ လက်ရှိ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ လစာနှုန်းထားကို တိုးမြှင့်ဖို့မရှိသေးပါဘူး။

## နမ့်တူမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများအား စတင်ထုတ်ပေးလျက်ရှိ

နမ့်တူ ဧပြီ ၂၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်တူမြို့နယ်၌ မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ထုတ်ပေးလျက်ရှိကြောင်း နမ့်တူမြို့နယ် မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။

နမ့်တူမြို့နယ်၌ ပင်စင်စားအငြိမ်းစားနိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၃၆၉ ဦးရှိပြီး မြန်မာ့စီးပွားရေးဘဏ်မှ လစဉ် ၂၁ ရက်မှ လကုန်ရက်အထိ ရုံးဖွင့်ရက်တိုင်း ပင်စင်လစာများ ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း အကြောင်းအမျိုးမျိုးကြောင့် ပင်စင်လစာလာရောက်မထုတ်ယူနိုင်သည့် ပင်စင်စားနိုင်ငံ့ဝန်ထမ်းများအား နောက်လ လဆန်းပိုင်းမှစ၍ ရုံးဖွင့်ရက်တိုင်း ပင်စင်လစာများ ထုတ်ယူခွင့်ပြုကြောင်း မြို့နယ်မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်နေခြည်စိုးထံမှ သိရသည်။ **လူမော် (ပြန်/ဆက်)**

**သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းပြေ၏။**

## မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မကွေး ဧပြီ ၂၁



မကွေးတိုင်းဒေသကြီး တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းကြီးကြပ်မှုကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်စီစဉ်မှုဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ကျဆင်းခဲ့သော ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများသို့ မတည်ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ခဲ့ရာ မကွေးတိုင်း ဒေသကြီးအတွက် ငွေကျပ် ၁၀ ဘီလီယံရရှိခဲ့ကြောင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ထုတ်ပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး အတွက် မတည်ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို မတ် ၂၄ ရက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ မကွေးတိုင်း ဒေသကြီးအတွက် ရရှိခဲ့သည့် မတည်ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲသုံးစွဲနိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ လာရောက်ရှင်းလင်း ဆွေးနွေးပြောကြားပြီးဖြစ်ကြောင်း၊ မိမိတို့အနေနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများကို ထုတ်ချေးနိုင်ရန်အတွက် ပထမဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီနှင့် စီမံကိန်းကြီးကြပ်မှုကော်မတီတို့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရရှိသည့် မတည်ငွေကျပ် ၁၀ ဘီလီယံကို မြန်မာ့စီးပွားရေးဘဏ်တွင် အခြားစာရင်းရှင်(OA)ဖွင့်လှစ်ထားရှိပြီး ကြီးကြပ်ကွပ်ကဲသူ အရာရှိနှင့် ငွေထုတ်သူအရာရှိများကို တာဝန်ပေးအပ်ထားရန် လိုအပ်မည်ဖြစ်ပြီး မတည်ထောက်ပံ့ငွေမှ ငွေထုတ်ချေးရာတွင် လည်းကောင်း၊ ပြန်လည်တောင်းခံရာတွင်လည်းကောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် နိုင်ငံတော်၏ ဦးစားပေးမူဝါဒနှင့် ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ် လုပ်ငန်းများအတွက် ဦးစားပေး သုံးစွဲရမည်ဖြစ်ပြီး မတည်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများမှ ရရှိလာမည့် အကျိုးအမြတ်များနှင့် အကျိုးကျေးဇူးများကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများဖြင့် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာသုံးစွဲရန် လိုအပ်ကြောင်း၊ အရင်းမပျောက် မတည်ငွေဖြစ်၍ နိုင်ငံ့စီးပွားရန်ပုံငွေသို့ ပြန်လည်ပေးဆပ်ရန် မလိုအပ်သော်လည်း ရန်ပုံငွေအား ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် အရေးကြီးကြောင်း၊ ရန်ပုံငွေအား တိုးပွားစေရန် ဆောင်ရွက်ရမည်ဖြစ်၍ အကျိုးကျေးဇူး ပြန်လည်ရရှိမည့် လုပ်ငန်းများကို ထုတ်ချေးပေးရန် လိုအပ်ကြောင်း၊ ဘဏ္ဍာရေးစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များက နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိခရိုင်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာ ဆွေးနွေးတင်ပြချက်များအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာ ကော်မတီများမှ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များအလိုက် မိမိကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ကာ ကြိုးစားဆောင်ရွက်ကြရန် မှာကြားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# ကဆုန်လပြည့် (ဗုဒ္ဓနေ့) တွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး ဧပြီ ၂၁**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) နေ့ထူးနေမြတ် အခါသမယတွင် မန္တလေးမြို့ လေးပြင်လေးရပ်မှ သံဃာတော် ၁၀၂၆၈ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ကျင်းပပြုလုပ်မည့် မန္တလေးမြို့လေးပြင်လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများအလိုက် ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ သာသနာရေးဆိုင်ရာ အခမ်းအနားဖြစ်သည့်အတွက် ခမ်းနားထည်ဝါစွာဖြင့် ကြည်ညိုဖွယ်ဖြစ်စေရေးနှင့် လေးပြင်လေးရပ်တွင် အခမ်းအနားပြင်ဆင်မှုများ အချိန်မီပြီးစီးနိုင်ရန် လုပ်ငန်းကော်မတီများအလိုက် ဆွေးနွေးညှိနှိုင်းကာ လစ်ဟာမှုမရှိအောင် ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလှူခံသံဃာတော်များနှင့် အလှူရှင်များ အဆင်ပြေစိတ်ချမ်းမြေ့စေရေး အလေးအနက်ထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် ကဆုန်ညောင်ရည်သွန်းလောင်းပွဲများကိုလည်း ကျင်းပသွားရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု လုပ်ငန်းအစီအမံများနှင့် အကြံပြုဆွေးနွေးတင်ပြကြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဆောင်ရွက်မည့် သာသနာတော်နှစ် (၂၅၆၇)အထိမ်းအမှတ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၃ ရက် နံနက်ပိုင်းတွင် ကျုံးအရှေ့ဘက်(အရှေ့ပြင်) ၆၆ လမ်းအတိုင်း၊ ကျုံးတောင်ဘက်(တောင်ပြင်) ၂၆ လမ်းအတိုင်း၊ ကျုံးအနောက်ဘက်(နောက်ပြင်)လမ်း ၈၀ အတိုင်းနှင့် ကျုံးမြောက်ဘက်(မြောက်ပြင်) ၁၂ လမ်းတစ်လျှောက်တို့တွင် သံဃာတော် ၂၅၆၇ ပါးစီတို့ဖြင့် စုစုပေါင်းသံဃာတော် ၁၀၂၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူသွားမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်လောင်းလှူနိုင်ရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းခြင်းများကိုလည်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကယားပြည်နယ်ဝန်ကြီးချုပ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်

**လွိုင်ကော် ဧပြီ ၂၁**

၂၀၂၂ - ၂၀၂၃ ပညာသင်နှစ် လူရည်ချွန် စခန်းအသီးသီးသို့ သွားရောက်မည့် ကယားပြည်နယ် လူရည်ချွန် ကျောင်းသား ကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ်က တွေ့ဆုံအမှာစကား ပြောကြားခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် လူရည်ချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူရည်ချွန် ကျောင်းသား ကျောင်းသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကား ပြောကြားရာတွင် ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့်အညီ ပြည်နယ်အတွင်း ပညာရည်မြင့်မားရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူရည်ချွန် စီမံကိန်းသည် အနာဂတ်တွင် နိုင်ငံအကျိုးပြု လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်နှင့် ဘက်စုံပညာထူးချွန်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတပြည့်စုံသည့် ကျောင်းသားလူငယ်များကို ပြုစုပျိုးထောင်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံ့သားကောင်း၊ သမီးမွန်များအနေဖြင့် နိုင်ငံအတွက် အားထားရသော ခေါင်းဆောင်ကောင်းများ၊ နိုင်ငံတော်ကို အလုပ်အကျွေးပြုကြမည့်သူများဖြစ်အောင် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံတွင် စံပြအဖြစ် ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လူရည်ချွန်စခန်းအသီးသီးသို့ သွားရောက်မည့် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ကြရာ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကံပိုင်တည်မြို့အမည် ကြိုဆိုဂုဏ်ပြုပွဲနှင့် ကျောက်သားဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**ကံပိုင်တည် ဧပြီ ၂၁**

ကချင်ပြည်နယ်အတွင်း မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်မြို့တစ်ခု ဖြစ်သည့် ကံပိုင်တည်မြို့ကို မြို့အမည် ကြိုဆိုဂုဏ်ပြုပွဲနှင့် ကျောက်သားဆိုင်းဘုတ် ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် နံနက်ပိုင်းက ကံပိုင်တည်မြို့ အမှတ်(၂)ရပ်ကွက် တိုက်နယ်ဆေးရုံရှေ့ရှိ မြို့အဝင် ကျောက်သား ဆိုင်းဘုတ်သစ်နေရာ၌ ကျင်းပသည်။

ရှေးဦးစွာ ကံပိုင်တည်မြို့ ကျောက်သား ဆိုင်းဘုတ်သစ်ကို သိက္ခာတော်ရဆရာ ခရမ်ဇော်အောင်က ဆုတောင်းဆက်ကပ်ပေးပြီး ကချင်အထူးဒေသ(၁) ဒုတိယဥက္ကဋ္ဌ ဦးဝေ့ါလော်ဟောင်းခေါင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ပြည်သူ့စစ်နာယက ဦးဇခုန်ယိမ်းဆောင်၊ ပြည်သူ့စစ်ညွှန်ကြားရေးမှူး ဦးလဂွေဘောမ်လန်း၊ ခမရ(၃၈၉)တပ်၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး လှမိုး၊ အမှတ်(၁၀၀၃) နယ်ခြားစောင့်တပ်ရင်းမှူး၊ ဗိုလ်မှူးကျော်ဂန်းဇုန်းခေါ်တို့က ကျောက်သားဆိုင်းဘုတ်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး ကချင်အထူးဒေသ(၁) ထာဝရငြိမ်းချမ်းရေး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိမ်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ကံပိုင်တည်မြို့အမည်ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို အမှတ်(၂)ရပ်ကွက် အားကစားကွင်း၌ ဆက်လက်ကျင်းပရာ ဥက္ကဋ္ဌ ဦးဇခုန်တိန့်ယိန်းက ကံပိုင်တည်မြို့အမည်ပြောင်းလဲခေါ်ဝေါ်ခြင်းနှင့် မြို့သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးက ကံပိုင်တည်မြို့သည် မြန်မာ–တရုတ် နယ်စပ်မြို့တစ်ခုဖြစ်သည်နှင့်အညီ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာသည့် မြို့တစ်ခုဖြစ်သဖြင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယခုလို မြို့အမည်ပြောင်းလဲသတ်မှတ် ခေါ်ဝေါ်မှုအပေါ် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်း ပြောကြားကာ ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် အလှူငွေကျပ် ၁၅ သိန်းကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်နှင့် ဒေသခံ ဦးမဂျီရှောင်တို့က ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်သယ်ယူခြင်း အခမ်းအနားကျင်းပ



**ရန်ကုန် မေ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ၌ မေ ၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူ များ အားကစားပြိုင်ပွဲ အထိမ်းအမှတ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ယူခြင်းအခမ်းအနားကို ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တက္ကသိုလ် ရိပ်သာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဆိုင်ရာ ကမ္ဘောဒီးယားသံရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ကိုယ်စားလှယ်၊ ကမ္ဘောဒီးယားနိုင်ငံ ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ မီးရှူးတိုင်လက်ဆင့်ကမ်း သယ်ယူရေးအစီအစဉ် အတွက် အထူးဖိတ်ကြားထားသော တီမောလက်စတေနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၈၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. CHUM Angvichet နှင့် မြန်မာ နိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ တို့က အမှတ်တရစကား ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၃၂) ကြိမ် မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင် ခြင်းနှင့် ပြိုင်ပွဲဝင်နိုင်ငံများအပေါ် အိမ်ရှင်နိုင်ငံ၏ ဧည့်ဝတ်ကျေပွန်မှုနှင့် စီစဉ်ဆောင်ရွက်ထားရှိမှုများ အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ (၃၂) ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး သည် အရှေ့တောင်အာရှနိုင်ငံများအကြား ချစ်ကြည် ရင်းနှီးမှု၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်မှုမြှင့်တင်ရေးကို အပြည့်အဝကိုယ်စားပြုမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ၏ ကိုယ်စားလှယ် H.E.Mr.HOR Sarun က မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်ခြင်း အခမ်းအနားကို ကမ္ဘောဒီးယားနိုင်ငံရှိ ကမ္ဘာ့အံ့ဖွယ် အန်းကောဝပ် ဘုရားကျောင်းမှ စတင်၍ အာဆီယံ ၁၀ နိုင်ငံသို့ အစီအစဉ်တကျ ဆက်လက်ထွက်ခွာပြီး မေ ၂၇ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိ မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်တရမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြပြီး (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲအထိမ်းအမှတ် မီးရှူးတိုင်ကို ကမ္ဘောဒီးယားနိုင်ငံ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ ကိုယ်စား လှယ်က မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံး မှ စတင်သယ်ဆောင်လာပြီး ၎င်းမှတစ်ဆင့် မြန်မာ နိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ ၎င်းမှ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင် စုဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ၎င်းမှ မသန်စွမ်းအားကစားသမားနှင့် လေ့လော်အားကစား သမားတို့က လက်ဆင့်ကမ်းသယ်ဆောင်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ်ထံသို့လည်းကောင်း၊ ၎င်းမှ ကမ္ဘောဒီးယား နိုင်ငံ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပ ရေးဦးစီးကော်မတီ ကိုယ်စားလှယ်သို့ လွှဲပြောင်း ပေးအပ်ပြီး ကမ္ဘောဒီးယားနိုင်ငံ သံရုံးအတွင်းသို့ သယ်ဆောင်၍ ထွန်းညှိသိမ်းဆည်းထားကာ မြန်မာ နိုင်ငံမှ လာအိုနိုင်ငံသို့ မေ ၂၂ ရက်တွင် ဆက်လက် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၃ ခုနှစ် အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ

**မန္တလေး မေ ၂၁**

၂၀၂၃ ခုနှစ် မေ ၁ ရက်တွင် ကျရောက်မည့် အလုပ်သမားနေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန် အလုပ်သမား ဝန်ကြီးဌာနနှင့် မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ အလုပ် အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) ကို ယနေ့တွင် Mingalar Mandalay Shopping Complex ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ အလုပ်သမားဝန်ကြီး ဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ မန္တလေး တိုင်းဒေသကြီး ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများ၊ အလုပ်သမားဝန်ကြီးဌာနမှ ဌာန ဆိုင်ရာအကြီးအကဲများ၊ တိုင်း ဒေသကြီးအဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧည့်သည်တော် များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီ များ တက်ရောက်ကြသည်။



အလုပ်အကိုင်အခွင့်အလမ်း ပြပွဲ (Job Fiar)ကို မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြပြီး **(အပေါ်ပုံ)** အလုပ် လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင် ပါဝင်ပြသသော ကုမ္ပဏီ များ၊ လုပ်ငန်းများကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

အလုပ်သမား ဝန်ကြီးဌာန သည် အလုပ်ရှာဖွေသူများနှင့် အလုပ်ရှင်များကို တစ်နေရာတည်း ၌ တွေ့ဆုံ၍ အချိန်ကုန်၊ ငွေကုန် သက်သာစွာနှင့် One Stop Ser- vice ဖြင့် အလုပ်အကိုင်များရရှိရေး အတွက် အလုပ်အကိုင်အခွင့် အလမ်းပြပွဲများကို အသင်းအဖွဲ့ များ၊ ကုမ္ပဏီများ၊ ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အကျိုး ဆောင် အေဂျင်စီများနှင့်ပူးပေါင်း ၍ တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် အလုပ်အကိုင် အခွင့် အလမ်းပြပွဲများ ကျင်းပခဲ့ရာ (၇၁) ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်အခွင့် အလမ်းပြပွဲတွင် စက်ရုံ၊ အလုပ်ရုံ နှင့် ကုမ္ပဏီများ၊ ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေး အကျိုး ဆောင် လိုင်စင်ရအေဂျင်စီ စုစု ပေါင်း ၂၂ ခုတို့မှ ပါဝင်ပြသခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူ လျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူ များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် အဖွဲ့ဝင်များက သွား ရောက် ကြည့်ရှု၍ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေး ထားမှုနှင့် ကျန်းမာရေးတိုးတက် ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ် ကြီး ညွှန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိ မြို့နယ်ရှိ တပ်မတော် သားဖွား မီးယပ်နှင့် ကလေးဆေးရုံ (ခုတင်- ၃၀၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ် မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀)၊ ရှောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံ ဆေး တပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ တို့၌ တက်ရောက်ကုသမှုခံယူ လျက်ရှိသော သာသနာ့နွယ်ဝင် သီလရှင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်း သား ပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါ ဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထား မှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြား ပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများ အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင် ရွက်ပေးကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 ဖြစ်ပွားမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့်အစီအစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၁**

ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 ကူးစက်ဖြစ်ပွားမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံတွင် ဧပြီလအတွင်း ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းကူးစက်မှု အနည်းငယ် မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားလျက်ရှိသော မျိုးရိုးဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1.16 သည် ယခင်ကူးစက်ဖြစ်ပွားခဲ့သည့် ဗီဇပြောင်းပိုး အိုမီခရွန်မျိုးကွဲ XBB.1 နှင့် XBB.1.5 ကူးစက်မှုထက် ၁ ဒသမ ၂၇ ဆအထိ ပိုမိုမြန်ဆန်သော်လည်း ရောဂါလက္ခဏာများသည် ပိုမိုပြင်းထန်မှုမရှိကြောင်း၊ ဆေးရုံတက်ရောက် ကုသခံရမှုနှင့် သေဆုံးမှုလည်း ပိုမိုမြင့်မားခြင်းမရှိကြောင်း၊ အသက်အရွယ်ကြီးသူများနှင့် ရောဂါအခံရှိသူများတွင်မူ ကူးစက်မှုနှုန်းပိုမိုမြင့်မားနိုင်ကြောင်း။



ရောဂါကုသရာတွင် လက်ရှိမြန်မာနိုင်ငံ၌ အသုံးပြုလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကုသသည့် ဗိုင်းရပ်စ်ပိုးသတ်ဆေးဝါးများဖြင့်သာ ကုသမှုပေးနိုင်ပြီး ရောဂါကာကွယ်ရေးအတွက် လက်ရှိအသုံးပြုလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ထိရောက်မှုရှိပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုကို ကာကွယ်နိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများကို စောစီးစွာသိရှိပြီး ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကာကွယ်ဆေးထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဆေးသုတေသနဦးစီးဌာနအနေဖြင့် အသစ်ထွက်ပေါ်လာသော အိုမီခရွန်ဗီဇပြောင်းပိုးများနှင့် ပတ်သက်၍ မျိုးရိုးဗီဇစစ်ဆေးခြင်း တိုးမြှင့်ဆောင်ရွက်သွားရန်၊ ရောဂါကူးစက်ဖြစ်ပွားမှုများပြားလာပါက အသွားအလာကန့်သတ်ထားရှိရန် (Quarantine Centre) များနှင့် ကုသမှုပေးနိုင်ရန် ဗိုင်းရပ်စ်ရောဂါကုသသည့်ဆေးဝါးများ အပါအဝင် အခြားလိုအပ်သောဆေးဝါးများ၊ ရောဂါကာကွယ်ရေးပစ္စည်းများနှင့် ကုသရေးစင်တာများ ကြိုတင်ပြင်ဆင်ထားရှိရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများကို တိတိကျကျလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာတိုးသီရိအောင်က ကမ္ဘာ့နိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## လားရှိုးမြို့ ၂၀၂၂-၂၃ ပညာသင်နှစ်လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်

**လားရှိုး မေ ၂၁**

၂၀၂၂-၂၃ ပညာသင်နှစ် လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က လားရှိုးခရိုင် ပညာရေးမှူးရုံး၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ မြို့မိမြို့ဖများ၊ လူရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။



ရှေးဦးစွာ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်၏ ကျေးဇူးကိုသိတတ်ပြီး နိုင်ငံအတွက် ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များ ဖြစ်ကြပါစေကြောင်း၊ မကြာမီ လေ့လာရေးခရီးစဉ် သွားရောက်ရမည်ဖြစ်သည့်အတွက် ကျန်းမာရေးကို ဂရုစိုက်စေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များက ဂုဏ်ပြုဆုငွေ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း Honorable Albert F.Del Rosario ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် မေ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၁) ဖိုးစိန်လမ်းမကြီးရှိ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံသံရုံး၌ ၂၀၂၃ ခုနှစ် ဧပြီ ၁၈ ရက်တွင် ကွယ်လွန်သွားသည့် ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဟောင်း Honorable Albert F. Del Rosario အတွက် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်၌ သွားရောက်လက်မှတ်ရေးထိုးသည်။

နိုင်ငံခြားရေးဝန်ကြီးဟောင်းသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ထမ်းဆောင်ခဲ့ပြီး အသက် (၈၃) နှစ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲ လယ်ဝေးခရိုင်အဆင့်ကျင်းပ

**လယ်ဝေး မေ ၂၁**

လယ်ဝေးခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက လယ်ဝေးမြို့ အ.ထ.က (၁)၌ ကျင်းပသည်။

ပြိုင်ပွဲသို့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး လယ်ဝေးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကြီး နီဦးခဲနှင့် အဖွဲ့ဝင်များ၊ လယ်ဝေးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝေကြည်(ပြန်/ဆက်)**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မေ ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# သောက်သုံးရေသန့်ယာဉ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၁**

နှစ်စဉ် မေလမှ စက်တင်ဘာလအထိကာလများသည် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ သောက်သုံးရေပြတ်လပ်ခြင်းတို့ ကြုံတွေ့ခံစားရလျက်ရှိသဖြင့် သောက်သုံးရေရှားပါးမှု ကြုံတွေ့နေရသော တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သောက်သုံးရေသန့်ယာဉ် အကောင်အထည်ဖော်နိုင်ရန် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် သုတေသနယာဉ်အဖြစ် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက သောက်သုံးရေသန့်ယာဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါက သောက်သုံးရေ ရှားပါးပြတ်လပ်မှုကြုံတွေ့ရသည့်ဒေသများတွင် သောက်သုံးရေသန့်စင်ဖြန့်ဝေထောက်ပံ့နိုင်ခြင်းနှင့် အရေးပေါ်အခြေအနေတွင် သန့်စင်ပြီး သောက်သုံးရေများ အသုံးပြုနိုင်ခြင်းအားဖြင့် ပြည်သူများ၏ လတ်တလော သောက်သုံးရေအခက်အခဲကို ကျန်းမာရေးနှင့်ညီညွတ်စွာ ဖြေရှင်းပေးနိုင်မည်ဖြစ်သည့်အတွက် အကျိုးကျေးဇူးများစွာရရှိနိုင်ပြီး အထောက်အကူများစွာ ရရှိစေမည်ဖြစ်ပါကြောင်း၊ လေ့လာတွေ့ရှိချက်အရ အမှတ် (၉၂၀)စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းတွင် စမ်းသပ်တပ်ဆင်ထားသည့် ရွေ့လျားရေသန့်စက် သုံးတန်တင်ယာဉ်၏ အရွယ်အစားနှင့် စက်ပစ္စည်းတန်ဖိုးမှာ သင့်တင့်ခြင်း၊ ပစ္စည်းများ လွယ်ကူစွာ တပ်ဆင်/ထိန်းသိမ်းအသုံးပြုနိုင်ခြင်းတို့ကြောင့် "နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီး" တို့တွင် သုတေသနယာဉ်အဖြစ် ထားရှိအသုံးပြုနိုင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်အရ အစီအမံနှင့်ပတ်သက်ပြီး ဆွေးနွေးအကြံဉာဏ်ရယူနိုင်ရေး နည်းပညာပိုင်းဆိုင်ရာအကြံပေးမှု၊ ယာဉ်ရရှိရေး ဆောင်ရွက်နိုင်မှု၊ ရေသန့်စက်တပ်ဆင်စမ်းသပ်လည်ပတ်မှု၊ ပြုပြင်ထိန်းသိမ်းမှု စသည်များကို အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် လုပ်ငန်းအတွေ့အကြုံအပေါ်အခြေခံ၍ဆွေးနွေးအကြံပြုပေးစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်က စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ သုတေသနပြုတည်ဆောက်ထားသည့် ရေသန့်စင်စက်ယာဉ်၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ သုတေသနပြု တည်ဆောက်ထားသည့် ရေသန့်စင်စက်ယာဉ်၊ တရုတ်နိုင်ငံမှထုတ်လုပ်သည့် ရေသန့်စင်စက်ယာဉ် စသည်ဖြင့် အမျိုးအစားသုံးမျိုးကို သုတေသနပြုလုပ်ထားပြီးဖြစ်၍ အသုံးတည့်မည့် ယာဉ်အမျိုးအစားကို ရွေးချယ်နိုင်ပါကြောင်း၊ စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ သုတေသနပြုလုပ် တည်ဆောက်ထားသည့် ရေသန့်စင်စက်ယာဉ်မှာ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အချိန်တွင် အသုံးပြုရန် ပိုမိုသင့်လျော်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ရွေ့လျားသောက်သုံးရေသန့်စက်တင်ယာဉ်နှင့် စပ်လျဉ်း၍ နေပြည်တော်၊ အမှတ်(၉၂၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်း၊ ယန္တရားတပ်ခွဲရှိ တရုတ်နိုင်ငံထုတ်ယာဉ်/ ရေသန့်စက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဂျပန်နိုင်ငံမှ လှူဒါန်းသည့် ရွေ့လျား သောက်သုံးရေသန့်စက်တင်ယာဉ်တို့သို့ သွားရောက်လေ့လာခဲ့မှုနှင့် တွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆောင်ရွက်ပေးနိုင်မှုနှင့် အတွေ့အကြုံများကို ဖြည့်စွက်ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# တပ်ကုန်းမြို့နယ်၌ နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**တပ်ကုန်း မေ ၂၁**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် အောင်ဇေယျရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီရပ်ကွက် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် ဗိုလ်မင်းရောင်ရပ်ကွက် ဗိုလ်မင်းရောင်အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တို့တွင် နွေရာသီကျောင်းပိတ်ရက် ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲကို မေ ၂၀ ရက်က အဆိုပါကျောင်းများရှိ ခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နိုင်လင်း၊ အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ယဉ်ကျေးလိမ္မာ သင်တန်းအတွက် သင်ထောက်ကူပစ္စည်းအဖြစ် စာအုပ်၊ ဘောပင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

တပ်ကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၀၀၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၅၀၊ ဗိုလ်မင်းရောင် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား ကျောင်းသူ ၁၁၀ တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းတွင် ငါးပါးသီလ၊ အခြေခံဗုဒ္ဓဝင်၊ ယဉ်ကျေးခြင်းအပိုင်း(၁)နှင့် (၂)၊ ယဉ်ကျေးလိမ္မာဆုံးမစာ ဘာသာရပ်များကို မေ ၂၀ ရက် မှ ၂၅ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

❖ *ကျော်ဖုံးမှ*

၅၁၉၀၊ နိုင်ငံခြားခရီးသွား ၁၇၂ ဦးတို့ သံတွဲလေဆိပ်သို့ ဝင်ရောက်ခဲ့ပြီး ဟိုတယ် ၆၅ လုံးတွင် ၅၈ လုံး ဖွင့်လှစ်ခဲ့၍ ပြည်တွင်းဧည့်သည် ၂၈၀၀၂ ဦး၊ နိုင်ငံခြားသားဧည့်သည် ၈၀၃ ဦး တည်းခိုခဲ့သည်။ သင်္ကြန်ရုံးပိတ်ရက် ၁၀ ရက်အတွင်း အခြားသော ခရီးသွား လမ်းကြောင်းများဖြစ်သည့် ရေလမ်းကြောင်းနှင့် ကုန်းလမ်းကြောင်းတို့မှ အပန်းဖြေခရီးသွားများ ဝင်ရောက်ခဲ့ရာ ငပလီအပန်းဖြေကမ်းခြေ၌ ခရီးသွား တစ်သိန်းခွဲခန့် ဝင်ရောက်ခဲ့ပြီး ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း၊ ဘိုတဲ၊ အဆောင်၊ နေအိမ်နှင့် ဘုန်းတော်ကြီးကျောင်းတို့၌ ခရီးသွားတို့ဖြင့် စည်ကားခဲ့သည်။

"ဒီနှစ်သင်္ကြန်ကာလပိတ်ရက် ၁၀ ရက်မှာ မနှစ်ကထက် ငပလီကမ်းခြေကို ဧည့်သည် ပိုပြီး ဝင်ရောက်ခဲ့ပါတယ်။ ဧည့်သည်တွေအတွက် လုံခြုံရေး၊ ကျန်းမာရေးနဲ့ အရေးပေါ် အသက်ကယ်ဆယ်ရေး ကိစ္စရပ်အားလုံးကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနဲ့ ပူးပေါင်း ဆောင်ရွက်မှုကြောင့် ဘေးအန္တရာယ် ကင်းကင်းနဲ့ ရုံးပိတ်ရက်ကာလ ပြီးဆုံးခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ နောင်နှစ်တွေမှာလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ ဧည့်သည်တွေ အခုထက်ပိုပြီး လာရောက်စေလိုပါတယ်။ ခရီးသွားဝင်ရောက်မှုများလေ ဟိုတယ်တွေမှာ တည်းခိုကြတဲ့ အခွန်အခတွေလည်း နိုင်ငံတော်အတွက် ရရှိစေတဲ့ အပြင် ခရီးသွားကဏ္ဍ ပွင့်လန်းမှုဟာ ဒေသခံတွေအတွက်လည်း လူမှုစီးပွားအခွင့်အလမ်း ပွင့်လန်းလာတဲ့အတွက် ဒီနှစ်သင်္ကြန် ခရီးသွားဝင်ရောက်မှုဟာ အားရကျေနပ်စရာ ကောင်းပါတယ်" ဟု ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ထွဋ်အောင်က ပြောသည်။

ငပလီကမ်းခြေသို့ ယမန်နှစ် သင်္ကြန်ကာလ၌ ခရီးသွားတစ်သိန်းခန့် ဝင်ရောက်ခဲ့ပြီး ယခုနှစ်၌ ပြည်တွင်း၊ ပြည်ပ ခရီးသွား တစ်သိန်းခွဲခန့် ဝင်ရောက်ခဲ့ရာ လေကြောင်းလိုင်းများ၊ ခရီးသွားပို့ဆောင်ရေးကဏ္ဍ၊ ဟိုတယ်/ တည်းခိုခန်းများနှင့် ဒေသခံတို့ အလုပ်အကိုင် အခွင့်အလမ်းများစွာ ပွင့်လန်းခဲ့သည်။

ထို့နည်းတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ သင်္ကြန်ကာလရုံးပိတ်ရက် ၁၀ ရက်တွင် ပြည်တွင်းခရီးသွားများနှင့် နိုင်ငံခြားသားခရီးသွားများ ဝင်ရောက်ခဲ့ပြီး သျှစ်သောင်းဘုရားပွဲ၊ ထုက္ကန့်သိမ်ဘုရားပွဲနှင့် အံတော်သိမ်ဘုရားပွဲတို့ကို မေ ၂ ရက်မှ ၆ ရက်အထိ ကျင်းပရန်ရှိ၍ ကျောက်တော်တောင်ဘုရားပွဲနှင့် ကျောက်တော်ရေပေါ်သင်္ကြန်ကို မေ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါ လျော့ကျမှုနှင့်အတူ ခရီးလမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပါက မြန်မာ့ခရီးသွားကဏ္ဍ ပိုမိုပွင့်လန်းခြင်းဖြင့် စီးပွားရေးအခွင့်အလမ်း များစွာပွင့်လန်းမှုမှ ဒေသဖွံ့ဖြိုးဝင်ငွေတိုးစေမည့် အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်သည်။

ယခုနှစ် မြန်မာ့နှစ်ကူးသင်္ကြန်ကာလရုံးပိတ်ရက်တွင် ငပလီကမ်းခြေသို့ ခရီးသွားဧည့်သည်အများဆုံးဝင်ရောက်ခဲ့ပြီး လေကြောင်းလိုင်းများမှ ခေါက်ရေ ၁၀၅ ခေါက်အထိ ပြေးဆွဲခဲ့ကာ ဧပြီ၁၃ ရက်နေ့တစ်ရက်တည်းတွင် ခေါက်ရေ ၁၇ ခေါက်အထိ ပြေးဆွဲကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

○ *ကျော်ဖုံးမှ*

အခြားသော ပွဲစဉ်ရလဒ်များတွင် ရိုးမားက ဖီယင်နုကို လေးဂိုး- တစ်ဂိုး၊ လေဗာကူဆင်က ယူနီယံအက်စ်ဂျီကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စပို့တင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။နှစ်ကျော့ပေါင်းရလဒ်ဖြင့် နောက်တစ်ဆင့်သို့ ရိုးမား၊ ဂျူဗင်တပ်စ် နှင့် လေဗာကူဆင်အသင်းတို့ တက်လှမ်းနိုင်ခဲ့သည်။

**မိုးဇက်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တာဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုး ကိုရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၂၁**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့ မွန်းလွဲပိုင်းတွင်လည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဖေယျာသီရိခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများနှင့် အသိပညာပေးဆိုင်ရာတို့နှင့်ပတ်သက်၍ အမှာစကားများ အသီးသီး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးမြို့နယ်၊ ကသာမြို့နယ်နှင့် ရွှေဘိုမြို့နယ်တို့မှ KIA/PDF အဖွဲ့ဝင် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ရှစ်ဦးတို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ထောက်ပံ့ငွေများ၊ အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများကိုယ်စားမိဘအုပ်ထိန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သူများကို အသိအမှတ်ပြုကတ်ပြားများ ပေးအပ်ကာ ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်




ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၂၁**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိပြီး ယနေ့နံနက်ပိုင်းတွင်လည်း အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်း မရှိခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း)မှ PDF အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး နှစ်ဦးအား တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော် အစိုးရက ထုတ်ပြန် ထားပြီးဖြစ်ရာ ပြစ်မှု ကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## ပုဗ္ဗသီရိမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**ပုဗ္ဗသီရိ ဧပြီ ၂၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရွာတော်ကျေးရွာအုပ်စု အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှဦးစီး၍ (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ဒုတိယတိုင်း ရဲတပ်ဖွဲ့မှူးရဲမှူးကြီး သိန်းဦး၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူး၊ ဥတ္တရခရိုင် ခေတ္တအုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းနှင့် ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစံသူ၊ ဇေယျာသီရိခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးမောင်မောင်ဦးနှင့် ဥတ္တရခရိုင်ပညာရေးမှူး ဒေါက်တာ ဒေါ်မာမာဇင်တို့က ကြီးကြပ်၍ ဥတ္တရခရိုင်နှင့် ဇေယျာသီရိခရိုင်အတွင်းရှိ စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သန္တာလင်း(ပုဗ္ဗသီရိ)**



# အပူလျှပ်ခြင်းအကြောင်း သိကောင်းစရာအဖြာဖြာ

ပေါက်ပေါက်

မြန်မာနိုင်ငံအတွင်း ၂၀၁၄ ခုနှစ်မှစ၍ အပူဆုံး စံချိန်တင်ခဲ့ပြီး တစ်နှစ်ပြီးတစ်နှစ် ထိုစံချိန်ကို ကျော်လွန်ကာ ပိုမိုပူပြင်းလာခဲ့သည်။ ပြင်းထန်လာသောရာသီဥတုကြောင့် အောက်ဖော်ပြပါ အပူဒဏ်လေးမျိုးကို မြန်မာပြည်သူ ပြည်သားများ ခံစားကြရသည်။

- ❖ နေ့အပူချိန်များ စံချိန်တင်မြင့်တက်ခြင်း၊
- ❖ အပူချိန် စံချိန်တင်မမြင့်တက်သော်လည်း အမြင့်ပိုင်းအပူချိန်များ နေ့စဉ်ရက်ဆက် အချိန်ကြာမြင့်စွာကျရောက်နေသဖြင့် အပူဒဏ်ပြဿနာ (Heat Stroke) ခံစားရခြင်း၊
- ❖ လေထုအတွင်း ရေငွေ့များ ရောနှောပါဝင်လာမှုကြောင့် ခန္ဓာကိုယ်ခံစားရသောအပူချိန် (Feel Temperature) တွင် လေအပူချိန်သာမက ရေငွေ့အပူချိန်ပါ ပေါင်းစပ်လာသဖြင့် လူ၏ခံနိုင်သောအပူချိန်ကို ကျော်လွန်သည့်အပူဒဏ်ကို ခံစားရခြင်း (High Heat Index)၊
- ❖ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း (Ultra-Voilet Index) မြင့်မားခြင်း။

ထို့ပြင် အပူချိန်မြင့်တက်လာသည့်အခါ မလွဲမသွေ ကြုံတွေ့ရလေ့ရှိသော ဆိုးကျိုးငါးခုဖြစ်သည့် (က) နွေရာသီကာလ အပူရှိန်မြင့်မားမှုဒဏ်၊ (ခ) ရေရှားပါးမှုဘေးဒဏ်၊ (ဂ) မီးလောင်ကျွမ်းမှုဘေးဒဏ်၊ (ဃ) စိုက်ပျိုးသီးနှံများ ထိခိုက်ပျက်စီးမှုဘေးများနှင့် (င) ကျန်းမာရေးထိခိုက်မှုဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်ကြရသည်။

## အပူဒဏ်ကြောင့် သတိလစ်ခြင်း

နေပူထဲမှ အအေးထဲသို့ ရုတ်ခြည်းဝင်ရောက်ခြင်း၊ ရေခဲရေသောက်ခြင်း၊ ရေချိုးခြင်း၊ အအေးခန်းအတွင်းမှ ရုတ်တရက်ပူပြင်းသောနေရောင်ထဲသို့ ထွက်ခြင်းများကြောင့် လူ့ခန္ဓာကိုယ်တွင် အပူအအေး ရုတ်တရက်ပြင်းထန်စွာ ပြောင်းလဲမှုဖြစ်စဉ် ဖြစ်ပေါ်ခံစားရတတ်သည်။ ၎င်းကို ဆေးသိပ္ပံနည်းအရ Heat Stroke (အပူဒဏ်ကြောင့်သတိလစ်ခြင်း) ဟုခေါ်၍ ဒေသအခေါ်အရ "အပူလျှပ်ခြင်း"ဟု ဆိုကြသည်။ Heat Stroke ဖြစ်ပါက အပူအအေးရုတ်ခြည်းပြောင်းလဲသွားသည့်အတွက် အပူဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများကျယ်သွားခြင်း၊ အအေးဒဏ်ကြောင့် ခန္ဓာကိုယ်ထဲရှိ သွေးကြောများ ကျုံ့သွားခြင်း စသည့်သွေးစီးကြောင်းအကျုံ့အကျယ်ဒဏ်ကို ခံစားရကာ သတိလစ်ခြင်းကိုဖြစ်စေသည်။ ပြင်းထန်သောအခြေအနေတွင် သွေးကြောအကျုံ့အကျယ်ဒဏ်ကို မခံစားနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲလာပြီး သွေးကြောငယ်လေးများ ပြတ်ထွက်သွားသည်အထိ ဖြစ်စေနိုင်သည်။


## Heat Stroke လက္ခဏာများ

ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း (၁၀၄ ဒီဂရီဖာရင်ဟိုက် သို့မဟုတ် ၄၀ ဒီဂရီစင်တီဂရိတ်)၊ အရေပြားခြောက်သွေ့ခြင်း၊ ချွေးခန်းခြောက်ခြင်း၊ မူးဝေခြင်း၊ ပျို့အန်ခြင်း၊ သတိလစ်ခြင်း၊ အသက်ရှူမြန်လာခြင်း၊ နှလုံးခုန်မြန်လာခြင်းတို့သည် Heat Stroke လက္ခဏာများဖြစ်ကာ ထိုအခြေအနေမှတစ်ဆင့် အသက်အန္တရာယ်ဆုံးရှုံးသည်အထိဖြစ်နိုင်သည်။

## Heat Stroke ဖြစ်နိုင်ခြေများသူများ

ရေသောက်နည်းသူများ၊ ကလေးနှင့် သက်ကြီးရွယ်အိုများ၊ ပူပြင်းသောနေရာတွင် ကြာရှည်စွာအလုပ်လုပ်ရသောသူများ၊ အားကစား ပြင်းပြင်းထန်ထန်လုပ်သောသူများ၊ ချွေးထွက်များသူများ၊ ရောဂါအခံရှိသူများ (နှလုံး၊ သွေးတိုး၊ အဆုတ်ရောဂါ)၊ အရက်အလွန်အကျွံသောက်သုံးသူများ၊ ပူပြင်းသောရာသီဥတုကို ကြာရှည်ထိတွေ့နေရသူများ၊ အပူချိန်လွန်ကဲနေချိန်တွင် အအေးဓာတ်နည်းပါးသူများ၊ ရေဓာတ်ခန်းခြောက်သော ဆေးဝါးများကို သောက်သုံးနေရသူများ စသူတို့တွင် Heat Stroke ဖြစ်နိုင်ခြေများသည်။






## အပူအန္တရာယ် အထူးသတိပြုရမည့်သူများ

သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)၊ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ၊ အရက်စွဲသောသူများနှင့် မူးယစ်ဆေးသုံးစွဲသူများက Heat Stroke (အပူဒဏ်ကြောင့်သတိလစ်ခြင်း) ဖြစ်ပါက အဆိုးရွားဆုံးအခြေအနေကို ရင်ဆိုင်ရတတ်သည်။

## အပူဒဏ်ကာကွယ်ခြင်း

အပူဒဏ်ကြောင့် လေဖြတ်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းနှင့် အမြင်အာရုံပျက်စီးခြင်း စသည်တို့လည်း ဖြစ်ပေါ်စေနိုင်သည်။ Heat Stroke မဖြစ်စေရန်အတွက် နေပြင်းချိန် အပြင်မထွက်ပါနှင့်။ မလွှဲသာ၍ ထွက်ရမည်ဆိုပါက ထီး၊ ဦးထုပ်၊ အဆောင်း၊ အကာ၊ နေကာမျက်မှန်၊ သောက်ရေဘူးယူသွားရပါမည်။ ရိုးရိုးရေသောက်ပါ။ ရေခဲရေ မသောက်ပါနှင့်။ အဲကွန်းကားစီးပြီး နေပူချိန်ပြင်းသော နေရာတွင် ဆင်းရမည်ဆိုပါက မဆင်းမီက ကြိုတင်ရေသောက်ထားရပါမည်။

အပူဒဏ်ကိုရင်ဆိုင်ရာတွင် လူတို့၏ ဇီဝကမ္မပြောင်းလဲမှုဖြစ်စဉ်များကို ထိန်းချုပ်နိုင်ရန်အတွက် "ရေ"က အဓိကဖြစ်သည်။ အပူဒဏ်ကြောင့် တစ်နာရီကြာ ချွေးထွက်ခြင်းအတွက် သန့်ရှင်းသောသောက်ရေကို တစ်လီတာခန့် သောက်သုံးပေးသင့်သည်။ ချွေးထွက်လွန်နေသော အရွယ်ရောက်ပြီးသူလူတစ်ဦးအတွက် သန့်ရှင်းသောသောက်ရေကို ငါးလီတာမှ ရှစ်လီတာခန့်အထိ ဓာတ်ဆားရည်နှင့်ရော၍ သောက်သုံးပေးသင့်သည်။

လူတစ်ယောက်သည် အပူချိန် ၁၀၆ ဒီဂရီဖာရင်ဟိုက် (၄၁ ဒီဂရီစင်တီဂရိတ်) တွင် အပူဒဏ်ကို အချိန်ကြာကြာဆက်၍ခံနေရပါက ဦးနှောက်ကလာပ်စည်းများကို ထိခိုက်ပျက်စီးစေနိုင်သည်။ လူတစ်ယောက်သည် အပူချိန် ၁၀၈ ဒီဂရီဖာရင်ဟိုက် (၄၂ ဒီဂရီစင်တီဂရိတ်) တွင် အသက်သေဆုံးနိုင်သည်။

အပူဒဏ်ခံရမှုကြောင့် ကိုယ်အပူချိန်ကျစေရန်အတွက်ကိုလည်း ရေများများသောက်ခြင်း၊ ခန္ဓာကိုယ်တွင်းအပူငြိမ်း၍ အေးမြစေသောအစားအစာများဖြစ်သည့် နွားနို့၊ အုန်းစိမ်းရည်၊ ကြံရည်၊ ထန်းရည်ချို၊ ဖရဲသီး၊ သလဲသီး၊ သံပုရာသီး၊ သခွားသီး၊ သခွားမွှေးသီး၊ ဘူးသီး၊ ပူဒီနာရွက်၊ မုန်လာဥအဖြူ စသည်တို့ စားပေးသင့်သည်။

## အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်း

အပူဒဏ်ကာကွယ်သည့်အနေဖြင့် အထက်ဖော်ပြပါအတိုင်း ကျန်းမာစွာနေထိုင်စားသောက်ရမည့်အပြင် ရေချိုးနည်းမှန်ကန်ရန်လည်း အထူးအရေးကြီးသည်။ ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို တဖြည်းဖြည်းအေးစေခြင်းဖြင့် ရေချိုးပါ။ ရေချိုးနည်းမှန်ကန်မှသာလျှင် Heat Stroke ကို ကာကွယ်နိုင်မည်ဖြစ်ပေသည်။ အပူဒဏ်ခံနိုင်အောင် ဆေးဖက်ဝင်ရေချိုးနည်းအဆင့်ဆင့်ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- ❖ အရိပ်ထဲတွင် ရေချိုးပါ။
- ❖ ရေမချိုးခင် သောက်ရေတစ်ဖန်ခွက် အပြည့်သောက်ပါ။
- ❖ ဦးနှောက်ထဲရှိ အပူထိန်းအာရုံကြောနေရာများဖြစ်ကြသော ခြေထောက်အောက်ပိုင်း၊ လက်ဖျား၊ လက်မောင်း စသည့်နေရာများမှ အာရုံကြောများကို အသိပေးနှိုးဆော်သည့်အနေဖြင့် ရေဆွတ်ကာ ပက်ဖျန်းပေးပါ။
- ❖ ပြီးမှ မျက်နှာသစ်ပါ။
- ❖ တစ်ဆက်တည်းမှာပင် လည်ကုပ်နှင့် လည်ပင်းတို့ကို ရေနှင့်ပက်ပေးပါ။
- ❖ အထက်ပါနည်းအဆင့်ဆင့်အတိုင်း ရေဆက်ချိုးပါ။

## အရေးပေါ်ရှေးဦးပြုစုနည်း

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ဖြစ်ပေါ်နေသောသူတွင် အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ကြုံတွေ့ခံစားရနိုင်သည်။

အရေပြားပူ၍ ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးအလွန်အကျွံထွက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်း၊ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း စသည်တို့ဖြစ်သည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအားတွေ့ရှိပါက-

လူနာအား အရိပ်ရသောနေရာသို့ ပို့ဆောင်ပါ သို့မဟုတ် အရိပ်ရအောင် ဆောင်ရွက်ပေးပါ။ အေးမြသောနေရာ သို့မဟုတ် လေပန်ကာရှိသော နေရာ သို့မဟုတ် လေအေးပေးစက်ရှိသော အခန်းသို့ ရွှေ့ပြောင်းပါ။ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ။ လူနာ၏ အဝတ်အစားများကို ချွတ်ပေးပါ။ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည် တိုက်ပေးပါ။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေးဖျန်းပေးပါ။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး သို့မဟုတ် ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေဖတ်အုပ်ပေးပါ။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ သို့မဟုတ် ယပ်ခတ်ပေးပါ။ အရေးပေါ် ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်၍ ကုသမှုခံယူပါ။

အချုပ်အားဖြင့်ဆိုသော် အပူလျှပ်ခြင်းသည် မပေါ့ဆဘဲ အလေးပေးဂရုစိုက်သင့်သည့် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ခုဖြစ်သည်။ အပူလျှပ်ခြင်းဖြစ်ပေါ်သည့်အခါ လူနာ၏အရေပြားသည် မီးကဲ့သို့ ပူခြစ်ပြီး ချွေးလုံးဝမထွက်တော့ပေ။ ထိုအခြေအနေသည် အရေးပေါ်ကုသမှုခံယူရမည့် အခြေအနေဖြစ်ပြီး ကုသမှုခံယူရန် နှောင့်နှေးပါက ဦးနှောက်၊ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။ အထူးသတိပြုရမည့်အချက်မှာ Heat Stroke ခံစားနေရချိန်၌ ဂက်စ်ပါသည့် အချိုရည်များ၊ အားဖြည့်အချိုရည်များ၊ အရက်အဖျော်ယမကာများနှင့် ရေခဲရေ သောက်သုံးခြင်းကို အထူးရှောင်ကြဉ်ရမည်။ ထို့ပြင်စိတ်ရောဂါအတွက်သောက်သုံးသောဆေးဝါးများ၊ ဆီးဆေးများနှင့် သွေးကျဲဆေးများကိုလည်း အလွန်ပူပြင်းသောရာသီဥတုတွင် သတိထားသုံးစွဲသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

> ❖ **အပူလျှပ်ခြင်းသည် မပေါ့ဆဘဲ အလေးပေးဂရုစိုက်သင့်သည့် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ခုဖြစ်သည်။ အပူလျှပ်ခြင်း ဖြစ်ပေါ်သည့်အခါ လူနာ၏ အရေပြားသည် မီးကဲ့သို့ ပူခြစ်ပြီး ချွေးလုံးဝမထွက်တော့ပေ။ ထိုအခြေအနေသည် အရေးပေါ်ကုသမှုခံယူရမည့် အခြေအနေဖြစ်ပြီး ကုသမှုခံယူရန် နှောင့်နှေးပါက ဦးနှောက်၊ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။ အထူးသတိပြုရမည့်အချက်မှာ Heat Stroke ခံစားနေရချိန်၌ ဂက်စ်ပါသည့် အချိုရည်များ၊ အားဖြည့်အချိုရည်များ၊ အရက်အဖျော်ယမကာများနှင့် ရေခဲရေ သောက်သုံးခြင်းကို အထူးရှောင်ကြဉ်ရမည်**

## မုံရွာ သူနာပြု - သားဖွားသင်တန်းကျောင်း အပတ်စဉ် ၂၉ သူနာပြု-သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲကျင်းပ

**မုံရွာ ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာသူနာပြု-သားဖွားသင်တန်းကျောင်း အပတ်စဉ် ၂၉ သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်း သင်တန်းသား၊ သင်တန်းသူများ ကြိုဆိုပွဲအခမ်းအနားကို ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ သူနာပြု-သားဖွား သင်တန်းကျောင်း ဂါးထပ်ဆောင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြု - သားဖွားများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးပါကြောင်း၊ ပြည်သူ့အကျိုးပြုသူနာပြုကောင်းများဖြစ်အောင် ယခုအချိန်မှစ၍ သင်ခန်းစာများအား စာတွေ့လက်တွေ့ စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်နှင့် မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း သင်တန်းသား၊ သင်တန်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားခွင့်ရရှိအောင်လိုအပ်သည့် ပံ့ပိုးမှုများအား စဉ်ဆက်မပြတ် ကူညီပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူ ၅၇ ဦးအတွက် တစ်ဦးလျှင် ငါးသောင်းကျပ်နှုန်းဖြင့် ငွေကျပ် ၂၈၅၀၀၀၀ အား ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်ပြီး(ယာပုံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆုဆုထိုက်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်ပြီး မုံရွာ သူနာပြု-သားဖွား သင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက အကအဖွဲ့များအတွက် ငွေကျပ် ငါးသိန်းအား ပေးအပ်ချီးမြှင့်ကာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ပထမနှစ်သင်တန်းသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပုသိမ်မြို့၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန်(အုန်းသီး)တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းစီမံကိန်းစတင်သည့်အခမ်းအနားကျင်းပ

**ပုသိမ် ဧပြီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယဉ်ကျေးလိမ္မာ သင်တန်းအတွက် ရုပ်စုံဗုဒ္ဓသာသနာဝင်စာအုပ်ရေ ၂၀၀၊ ပြည်သူ့နီတိစာအုပ်ရေ ၂၀၀ နှင့် ဗလာစာအုပ်များနှင့် စာရေးကရိယာများကို လည်းကောင်း၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဗဟိုအဖွဲ့က လှူဒါန်းသော ၃၈ ဖြာမင်္ဂလာ ဗုဒ္ဓဝင်ဘုရားရှိခိုးစာအုပ်ရေ ၂၀၀ အား တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အတွင်းရေးမှူးက တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီးထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

အဆိုပါသင်တန်းတွင် သင်တန်းသားသင်တန်းသူ ၁၈၅ ဦး တက်ရောက်ခဲ့ပြီး ယခုလ ၂၁ ရက်မှ ၂၇ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန်(အုန်းသီး)တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်းစတင်သည့် အခမ်းအနားကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ပြီး ထိုင်းနိုင်ငံမှ မဲခေါင်သိပ္ပံနှင့် အက်ခ်မက် (ACMECS) အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက Virtual စနစ်ဖြင့်တက်ရောက်ကြသည်။ **(အပေါ်ပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးရေးထွက်ကုန်များတွင် အုန်းသီးအများအပြား ထွက်ရှိရာ ဒေသဖြစ်သည့်အတွက် ပြည်တွင်း၌ အုန်းစိမ်းရည် သုံးစွဲခြင်းမှသည် မုန့်လုပ်ငန်းများ၊ အုန်းဆီစက်များ၊ အလှကုန်ထုတ်လုပ်သည့် လုပ်ငန်းများ၊ လက်မှုနည်းပညာ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည်အထိ အမျိုးမျိုးသုံးစွဲလျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှထွက်သည့် အုန်းသီးများကို ပြည်တွင်းဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ အုန်းသီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်မည့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပပေးရန် လိုအပ်နေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး အုန်းသီးထုတ်လုပ်မှုလုပ်ငန်းမှာ နည်းပညာများ ရရှိစေရန်နှင့် အရည်အသွေးမြင့် အုန်းသီးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် အုန်းသီးထုတ်လုပ်မှုမှ ကုန်ချောထုတ်လုပ်ရောင်းချသည်အထိ တိုးတက်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာဈေးကွက်ကိုလည်း အရည်အသွေးမြင့် အုန်းသီးထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရန်အထိ ရည်ရွယ်ခြင်းလည်းဖြစ်ပါကြောင်း ပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ဆက်လက်ပြောကြားသည်။

အဆိုပါစီမံကိန်းကို ဧရာဝတီ ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Ayeyawaddy–Chao Phraya–Mekong Economic Cooperation Strategy– ACMECS) ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ၂၀၂၃ ခုနှစ် မေ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီ ၃၀ ရက်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အုန်းသီးစိုက်ပျိုးထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သူများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်လာနိုင်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရန် ရည်ရွယ်ထားရှိကြောင်းသိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်၌ ယာယီတိုက်ပွဲရှောင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ပင်လောင်း ဧပြီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် အတွင်းမှ ယာယီတိုက်ပွဲရှောင် ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုများကို စင်းတောင်းကျေးရွာ ဘုန်းကြီးကျောင်း၌ ဧပြီ ၂၀ ရက်က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ပင်လောင်းမြို့နယ် လုံးပြင် ကျေးရွာအုပ်စု တောင်မဲသင်း၊ နန်းနိမ့်၊ လုံးပြင်၊ ပင်ပုံ စသည့် ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်၍ စင်းတောင်းကျေးရွာသို့ ရောက်ရှိနေသော အိမ်ထောင်စု ၇၁ စု၊ လူဦးရေ ၂၄၀ တို့မှ ကျန်းမာရေး စောင့်ရှောက်မှုပေးရန် လိုအပ်သော ပြည်သူများအား မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေး ဦးဆောင်၍ သွားရောဂါကုဌာနမှ ဒေါက်တာ သော်လှိုင်ကို၊ စင်းတောင်း ကျေးရွာအုပ်စု တင်းထက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးဝေလျံထက်နှင့် ကျန်းမာရေးဝန်ထမ်း ၁၀ ဦးတို့က ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူသောပြည်သူများအား သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးတိုး၊ ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ သွားရောဂါရှိသူများအား စစ်ဆေးခြင်းတို့ကို စနစ်တကျ မှတ်တမ်းရေးသွင်းပြီး စစ်ဆေးတွေ့ရှိချက်များအရ ဖြစ်ပွားလျက်ရှိသော ရောဂါများနှင့် သက်ဆိုင်သည့် ဆေးဝါးများ ထိုးနှံပေးခြင်း၊ သောက်သုံးရမည့်ဆေးဝါးပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် မြို့နယ်အတွင်း ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား သက်ဆိုင်ရာစုရပ်များအလိုက် ကွင်းဆင်းပြီး ကျန်းမာရေး စောင့်ရှောက်မှု ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာခရိုင်အတွင်းရှိ ကျေးရွာ ၁၁ ရွာ၌ ရေရရှိရေး ဆောင်ရွက်သွားမည်

**မိတ္ထီလာ ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၁ ရွာမှ ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ခရိုင်အတွင်းရှိ ကျေးရွာ ၁၁ ရွာတွင် စက်ရေတွင်းတူးခြင်း၊ အုတ်ရေကန် တည်ဆောက်ခြင်း၊ မြေသားရေကန် တူးဖော်ခြင်းနှင့် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ်၌ ကျေးရွာလေးရွာ၊ မလှိုင်မြို့နယ်၌ ကျေးရွာနှစ်ရွာ၊ ဝမ်းတွင်းမြို့နယ်၌ ကျေးရွာနှစ်ရွာနှင့် သာစည်မြို့နယ်၌ ကျေးရွာသုံးရွာတို့တွင် ကျေးလက်ရေပေးရေး လုပ်ငန်းများဖြစ်သည့် ၄ ဒသမ ၅ လက်မရှိ တွင်းနက် ကိုးတွင်း တူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း ခြောက်ခု၊ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း နှစ်ခုနှင့် ဆိုလာ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါ ကျေးလက်ရေရရှိရေး လုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ်ပြီး တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းထံမှ သိရသည်။

**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

# PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကန့်ဘလူမြို့နယ် ပဗိကြီးကျေးရွာနှင့် မြိုင်မြို့နယ် မကြီးကန်ကျေးရွာတို့ရှိ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများနှင့် လူနေအိမ်များအကာကွယ်ရယူ၍ အကြမ်းဖက်မှုများလုပ်ဆောင်၊ လုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပဗိကြီးကျေးရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများက ၎င်းတို့၏အကြမ်းဖက်ဌာနချုပ် NUG ရုံးတည်ဆောက်၍ ဧပြီ ၁၁ ရက်တွင် ဖွင့်ပွဲပြုလုပ်ရန်စီစဉ်လျက်ရှိသဖြင့် အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူတို့၏ အချိန်နှင့် နေရာတိကျစွာ သတင်းပေးပို့လာမှုအရ တပ်မတော်က လေကြောင်းအကန့်အသတ်ဖြင့် တိုက်ခိုက်ချေမှုန်းခဲ့မှုအား နိုင်ငံပိုင် နေ့စဉ်ထုတ်သတင်းစာများနှင့် ရုပ်မြင်သံကြားတို့မှ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ဧပြီလ ၁၃ ရက်နေ့တွင် အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်သည်။

ဖော်ပြပါ သတင်းများအရ ဧရာဝတီမြစ်အရှေ့ခြမ်းတွင် NUG အကြမ်းဖက်အဖွဲ့၏ အရှေ့ဘက်ဌာနချုပ်အဖြစ် အခြေပြုရန် ကြိုးပမ်းလျက်ရှိသော မန်ဝိန်း၊ စီသာ၊ မန်ခါး၊ စီသောင်၊ စီမူလေး၊ စီမူကြီး၊ တုံးကောက်၊ ရွာသစ်ကုန်းနှင့် နမ့်လန်ကျေးရွာများတစ်ဝိုက်ရှိ KIA ရင်း(၁၂) နှင့် PDF အမည်ခံ အကြမ်းဖက်သမားများကို မတ် ၂၃ ရက်မှ ဧပြီ ၈ ရက်အထိ စစ်ဆင်ရေး ဆောင်ရွက်ခဲ့ရာတွင် အကြမ်းဖက်အဖွဲ့များထံမှ အလောင်းနှင့်လက်နက်၊ခဲယမ်းများ သိမ်းဆည်းရမိခဲ့ပြီး ကျေးရွာများအတွင်း ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းနှင့် လူနေအိမ်များတွင် ဘန်ကာများ၊ ပစ်ကျင်းများနှင့် မိုင်းအတားအဆီးများ ထောင်ထားခဲ့ကြောင်း တွေ့ရှိခဲ့ရသည်။

ဆက်လက်၍ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ကန့်ဘလူမြို့နယ် ပဗိကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၌ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် ထပ်မံရောက်ရှိနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ ဧပြီ ၂၀ ရက်တွင် တပ်မတော်စစ်ကြောင်းများဖြင့် သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ မြောက်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

### ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

အဆိုပါကျေးရွာ အနီးတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အသေးစိတ် ရှာဖွေစစ်ဆေးခဲ့ရာ ဘုန်းကြီးကျောင်းအုတ်တံတိုင်းအနီးမှ အကြမ်းဖက်သမား အလောင်း လေးလောင်း၊ ကျည်အိမ် နှစ်ခု၊ ၄၀ မမဗုံးသီး ငါးလုံး၊ သဲအိတ်ဘန်ကာများ၊ ကျောင်းခြံစည်းရိုးအနီး ဆက်သွယ်ရေးမြောင်းနှင့်ပစ်ကျင်းများ၊ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ဆိုင်ကယ် ခုနစ်စီး၊ လူနေတဲများ၊ ၁၂ ဗို့ကျည် ၁၀ တောင့်၊ မိုင်းရှာစက် တစ်လုံး၊ ဘက်ထရီအိုးအကြီး သုံးလုံး၊ ပြောက်ကျားယူနီဖောင်းများနှင့် အခြားဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်း မကြီးကန်ကျေးရွာအနီးတစ်ဝိုက်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ရောက်ရှိနေကြောင်း ဒေသခံများကပင် သတင်းပေးပို့လာမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သွားရောက်တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်တချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။အဆိုပါ ကျေးရွာ ကျေးလက်ဆေးပေးခန်းအတွင်းမှ အမ်-၂၂ ကျည်အိမ် မျိုးစုံ ၁၀ ခု၊ တရုတ်လက်ပစ်ဗုံးမျိုးစုံ ၁၈ လုံး၊ ဗုံးသီးမျိုးစုံ လေးလုံး၊ ၁၂ ဗို့ကျည် အတောင့် ၃၀၊



မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်း၌ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိသည့် မှတ်တမ်းဓာတ်ပုံ။

၅ ဒသမ ၅၆ မမကျည် အတောင့် ၆၀၀၊ ၇ဒသမ ၆၂ မမကျည် အတောင့် ၁၀၀၊ ရိုင်ဖယ်ကျည် အတောင့် ၅၀၊ ကားမျိုးစုံ လေးစီး၊ ဆိုင်ကယ်မျိုးစုံ အစီး ၂၀၊ ပြောက်ကျားယူနီဖောင်းများ၊ ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ အဆိုပါ ကျေးရွာရှိ နေအိမ်များအတွင်းမှ လက်လုပ်ရှော့တိုက်ပြောင်း ရှစ်ခု၊ လက်လုပ်မိုင်းစုံ ၄၆ လုံး၊ ယမ်း ၈ ပိဿာ ၄ ထပ်၊ လက်တော့ပ် နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်၍ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်မှုအရ မြေပြင်တွေ့ရှိချက်များသည် တစ်ထပ်တည်းတွေ့ရှိရပြီး သတင်းပေးပို့လာသည့် အချက်အလက်များအတိုင်း အကြမ်းဖက်အဖွဲ့များသည် ကျေးရွာဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများအတွင်း ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများ တူးထားခြင်း၊ ကျေးရွာပတ်လည်တွင် လက်လုပ်မိုင်းများဖြင့် အတားအဆီးပြုလုပ်ထားခြင်းများကို တွေ့ရှိရသည်။ ထို့အပြင် အကြမ်းဖက်အဖွဲ့များအနေဖြင့် ၎င်းတို့လှုပ်ရှား သွားလာမှုများတွင် အပြစ်မဲ့ဒေသခံ ရွာသူ/ရွာသားများကို အလှည့်ကျခေါ်ဆောင် လိုက်ပါစေပြီး တိုက်ပွဲဖြစ်ပွားချိန်များတွင် ရွာသူ/ ရွာသားများကို လူသားတံတိုင်း (Human Shield)အဖြစ် အသုံးချလျက်ရှိကြောင်းကိုလည်း မြေပြင်တွေ့ရှိချက်များအရ ဖော်ထုတ်သိရှိရသည်။ ၎င်းတို့ အသုံးချနေသော ရွာသူ၊ ရွာသားများ ထိခိုက်သေဆုံးမှုရှိပါက တပ်မတော်အပေါ် မီဒီယာအရ ဝါဒဖြန့်မှုများဖြင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်လျက်ရှိသည်။

ထို့အပြင် အကြမ်းဖက်သမားများသည် ဧပြီ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကန်သာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်တစ်စီးပေါ်မှ သံဃာတော်များအသွင်ယူ၍ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။



မြိုင်မြို့နယ် မကြီးကန်ကျေးရွာ ကျေးလက်ဆေးပေးခန်းဝင်းအတွင်း၌ PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခဲ့သည့်နေရာကို တွေ့ရစဉ်။

အဆိုပါဖြစ်စဉ်သည် ပြည်သူလူထုအများစု ကိုးကွယ်ယုံကြည်အလေးထားသော ဘုန်းတော်ကြီးများအသွင်ဟန်ဆောင်ကာ သာသနာ၏ အမြတ်တနိုး တန်ဖိုးထားသော သင်္ကန်းကိုအသုံးချ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အငိုက်ဖမ်းတိုက်ခိုက်မှုသည် ပြည်သူလူထုတစ်ရပ်လုံးအပေါ် စိတ်နှလုံးညှိုးနွမ်းစေရုံသာမက နိုင်ငံတကာတွင်လည်း နိုင်ငံ၏ ဂုဏ်သိက္ခာကို များစွာကျဆင်းစေသော လုပ်ရပ်ဖြစ်သည်။

### ပြည်သူများကို လူသားတံတိုင်းအဖြစ်အသုံးချ

PDF အမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူလူထုနှင့် တပ်မတော်က လိုလားသော ထာဝရငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ၎င်းတို့၏ကိုယ်ကျိုးကို ရှေ့တန်းတင်လုပ်ဆောင်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အထောက်အပံ့များကို ရယူကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှမ်းကွာဝေးသော ဒေသများတွင် ဒေသခံလူထုအား အနိုင်ကျင့်ခြိမ်းခြောက်၍ ကျေးရွာဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းနှင့်လူနေအိမ်များတွင် သဲအိတ်၊ ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်တွင် လက်လုပ်မိုင်းအတားအဆီးများ ထောင်ထားခြင်းများ ပြုလုပ်လာခဲ့သည်။ ထို့အပြင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာ၌ ဘုရားကျောင်းကန်၊ ရဟန်းသံဃာနှင့်သီလရှင်များအပေါ်တွင်လည်း ရက်စက်ယုတ်မာမှုများ လုပ်ဆောင်လာခဲ့ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွက်အမြတ်ထားရာ သင်္ကန်းကို အသုံးချ၍ အကြမ်းဖက်မှုလုပ်ရပ်များကိုလည်း စက်ဆုပ်ရွံရှာဖွယ် ပြုလုပ်လာကြောင်း တွေ့ရှိရသည်။ အဆိုပါ အများနှင့်သက်ဆိုင်သော၊ စစ်ဘက်နှင့် မသက်ဆိုင်သည့် အဆောက်အအုံနေရာများကို အသုံးချခြင်း၊ ပြည်သူများကို လူသားတံတိုင်းအဖြစ်အသုံးချခြင်းစသည့် စစ်ရာဇဝတ်မှု( War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့၏ ယုတ်မာသော လုပ်ရပ်များနှင့်ပတ်သက်၍လည်း ၎င်းတို့အပေါ် ရွံမုန်းကြောက်ရွံ့နေသည့် ပြည်သူများအနေဖြင့် ရရှိသည့်အခွင့်အရေးအပေါ် မူတည်၍ သတင်းအချက်အလက်များကို လုံခြုံရေးတပ်ဖွဲ့များထံ အဆက်မပြတ် ပေးပို့လျက်ရှိသည်။

*စာမျက်နှာ ၁၃ သို့*





PDF အမည်ခံ အကြမ်းဖက်သမားများက ပဗိကြီးရွာ စာသင်ကျောင်းဝင်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**အသိပေးသတင်းထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ညောင်ပင်သာကျေးရွာနေ နန်းကြည်ထွေးသည် ၎င်းအသုံးပြုသည့် “Nan Kyi Htwe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၁) တိုးချဲ့ရပ်ကွက်နေ ထက်ထက်လှိုင် (ခ) ထက်ထက်၊ အမှတ် (၃၈) ရပ်ကွက်နေ မေပန်းချီစိုးနောင်(ခ) မေပန်းချီနှင့် ရွှေရည် သိန်းတန်၊ စမ်းချောင်းမြို့နယ် မြေနီကုန်း (မြောက်) ရပ်ကွက်နေ ကျော်မင်းဆွေ(ခ) အံ့ဟိန်း(ခ)ကျော်ပိုင်ဟိန်း၊ ရွှေပြည်သာမြို့နယ် သံဖြူဆိုင် ရပ်ကွက်နေ မေသက်လင်း၊ အလုံမြို့နယ် ကရင်ခြံရပ်ကွက်နေ စောမင်းထက်အေးတို့သည် ၎င်းတို့အသုံးပြုသည့် “Htet Htet” Facebook အကောင့်၊ “May Panche” Facebook အကောင့်၊ “Shwe Yee Thein Tan” Facebook အကောင့်၊ “Kyaw Min Swe” Facebook အကောင့်၊ “Saw Min Htet Aye” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျောက်ဖျာဒိုးကျေးရွာနေ ကောင်းလွင်ထူးသည် ၎င်းအသုံးပြုသည့် “Kaung Lwin Htoo” Facebook အကောင့်၊ အမှတ်(၈)ရပ်ကွက်နေ အိရွှေဇင်ဦး(ခ)Nan Ank Yoon သည် ၎င်းအသုံးပြုသည့် “Nan Ank Yoon (Ma Ma Ei)” Facebookအကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာနေ နှင်းနှင်းခိုင်(ခ)မနှင်းသည် ၎င်းအသုံးပြုသည့် “Ma Hinn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

**ဆက်လက်ဖော်ထုတ်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်နှင့် အေးချမ်းတည်ငြိမ်စွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် ဥပဒေမဲ့လုပ်ရပ်များ ကျူးလွန်ကာ ပြည်သူအပေါ် နိုင်ထက်စီးနင်း အနိုင်ကျင့်သတ်ဖြတ်နေသော အကြမ်းဖက်အဖွဲ့များကို ဥပဒေနှင့်အညီ အင်အားအကန့်အသတ်ဖြင့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆင်နွှဲနေခြင်းဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများတွင် လိုက်နာရသည့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement- ROE)နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်နိုင်ရေး ပြည်သူလူထုနှင့် လက်တွဲပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





PDF အမည်ခံအကြမ်းဖက်သမားများက ပဇီကြီးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ဆက်သွယ်ရေးမြောင်းများနှင့် ပစ်ကျင်းများ ပြုလုပ်ထားရှိမှုကို တွေ့ရစဉ်။





## တနင်္သာရီမြို့နယ်၌ မီးဘေးလုံခြုံရေး ပညာပေးစာစောင်များကို ဖြန့်ဝေပြီး 191 Sticker များ ကပ်ပေးခြင်းဆောင်ရွက်

**တနင်္သာရီ ဧပြီ ၂၁**

တနင်္သာရီမြို့နယ်မီးသတ်ဦးစီးဌာနသည် တစ်မြို့နယ်လုံးမီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် မီးဘေးလုံခြုံရေးအတွက် သတိမူနိုင်ရန်အလို့ငှာ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ထုတ်ဝေဖြန့်ချိသည့် 191 အမှတ်အသားပါ မီးဘေးလုံခြုံရေးပညာပေးစာစောင်များနှင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ၂၄ နာရီ အကူအညီတောင်းခံနိုင်သည့် 191 Sticker (အကြီး/အသေး) တို့ကို ဧပြီ ၂၁ ရက်က မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တို့တွင် ကပ်ပေးကြပြီး ခရီးသွားပြည်သူများအား ပညာပေးစာစောင်များ ဖြန့်ဝေပေးကြသည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်နှင့် ဝန်ထမ်းများက လူစည်ကားရာ အောင်မင်္ဂလာဈေး(၁)/အောင်မင်္ဂလာဈေး(၂)၊ သုခလမ်းနှင့် မင်္ဂလာကြီးလမ်းဆုံ မြို့မရဲစခန်းအရှေ့နေရာတို့တွင် စောင့်ဆိုင်း၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်လာသူတို့ကို ပညာပေးစာစောင်များ ဖြန့်ဝေပေးခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ၏ ဦးခေါင်းနေရာတွင် 191 Sticker များ ကပ်ပေးခြင်း၊ မြင်သာထင်ရှားသည့် ဈေးတိုင်များ၊ လမ်းမီးတိုင်များတွင်လည်း 191 Sticker ကပ်ခွာအကြီးတို့ကို ကပ်ပေးကြရာ ယနေ့တွင် မီးဘေးလုံခြုံရေး ပညာပေးစာစောင် ၂၀၀၀ ဖြန့်ဝေ၍ 191 Sticker အကြီး ၂၄၀ ခုနှင့် 191 Sticker အသေး ၃၄၀၀ ခုတို့ကို ကပ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**



## ဧပြီ ၂၄ ရက်တွင်စတင်မည့် MNL-2 အမှတ်ပေးပြိုင်ပွဲတွင် အသင်း ၁၀ သင်း ယှဉ်ပြိုင်မည်

**ရန်ကုန် ဧပြီ ၂၁**

၂၀၂၃ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁)ကို ဧပြီ ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

နောက်ဆုံးကျင်းပသည့် ၂၀၂၂ ရာသီ MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အသင်းများအနက် ချန်ပီယံဖြစ်ခဲ့သည့် တက္ကသိုလ်အသင်း၊ ဒုတိယရခဲ့သည့် Junior Lions အသင်းအပါအဝင် မောရဝတီတို့ သုံးသင်း ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ တက္ကသိုလ်အသင်းသည် ချန်ပီယံဖြစ်ခဲ့သဖြင့် တန်းတက်ကစားခွင့်ရသော်လည်း တန်းမတက်ဘဲ MNL-2 တွင်သာ ဆက်လက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယခုရာသီ MNL-2 ပြိုင်ပွဲတွင် အသင်းသစ်အများစု ပါဝင်လာပြီး ပုံမှန်ပါဝင်နေသည့် တန်းတက်စနစ်အပြင် ပထမဆုံးအဖြစ် တန်းဆင်းစနစ်ကိုပါ ကျင့်သုံးမည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် ဧပြီ ၂၄ ရက်တွင် စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်း၊ ပဒုမ္မာကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်း၊ ဧပြီ ၂၅ ရက်တွင် စလင်းကွင်း၌ မောရဝတီအသင်းနှင့် Port အသင်း၊ ပဒုမ္မာကွင်း၌ Glory Goal အသင်းနှင့် Golden Grit အသင်း၊ ဧပြီ ၂၆ ရက်တွင် ပဒုမ္မာကွင်း၌ တက္ကသိုလ်အသင်းနှင့် ရွှေပြည်သာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## SpaceX ဒုံးပျံလွှတ်တင်ပြီးမကြာမီ ပေါက်ကွဲမှုဖြစ်ပေါ်

**ကယ်လီဖိုးနီးယား ဧပြီ ၂၁**
အီလွန်မက်စ်၏ SpaceX ကုမ္ပဏီမှ တည်ဆောက်သည့် ဒုံးပျံတစ်စင်းသည် ဧပြီ ၂၀ ရက်က လွှတ်တင်ပြီးမကြာမီ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

Starship ဟု အမည်ပေးထားသည့် အဆိုပါဒုံးပျံကို တက္ကဆက်ပြည်နယ် ဘိုကာချီကာမှနေ၍ လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လွှတ်တင်ပြီးနောက် လေးမိနစ်အကြာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ မက္ကဆီကို ပင်လယ်ကွေ့အတွင်းသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပတ်လမ်းကြောင်း အတွင်းသို့ ရောက်ရှိမည်ဟု အင်ဂျင်နီယာများက မျှော်လင့်ထားကြသော်လည်း မအောင်မြင်ခဲ့ပေ။

Starship မှာ အစောပိုင်းသီတင်းပတ်အတွင်းကတည်းက နည်းပညာပိုင်းဆိုင်ရာ ပြဿနာများနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် SpaceX မှ အဆိုပါဒုံးပျံကို ပစ်လွှတ်ရန် အချိန်ကြန့်ကြာခဲ့ရသည်။ လာမည့်လအနည်းငယ်အတွင်း နောက်ထပ်စမ်းသပ်မှုများမှ အတွေ့အကြုံများပို၍ ရရှိမည်ဟု အီလွန်မက်စ်က ပြောသည်။ အဆိုပါဒုံးပျံပစ်လွှတ်မှုကို လာရောက်ကြည့်ရှုကြသူများမှလည်း ၎င်းတို့၏ အမြင်များကို မျှဝေခဲ့ကြသည်။ SpaceX သည် နာဆာနှင့် လက်တွဲလုပ်ဆောင်ရန် အစီအစဉ်ရှိပြီး လကမ္ဘာသို့ လူများပို့ဆောင်ရာတွင် Starship ကို အသုံးပြုရန် ရည်ရွယ်ထားသည်။ ကျရှုံးမှုများနှင့် ကြုံတွေ့ပြီးနောက် ကြီးမားသည့် အောင်မြင်မှုများနှင့် တွေ့ကြုံရမည်ဟုလည်း နာဆာမှ အကြီးအကဲဖြစ်သူ ဘေလ်နယ်ဆန်က ပြောသည်။ **အင်န်အီတ်ချ်ကေ**


မီးလောင်ပေါက်ကွဲသွားသည့် ဒုံးပျံကို တွေ့ရစဉ်။

## နိုင်ဂျီးရီးယားနိုင်ငံရှိ ကလေး ၂ ဒသမ ၂ သန်းမှာ ပုံမှန်ကာကွယ်ဆေးထိုးနှံမှု မရရှိကြ

**အဘူဂျာ ဧပြီ ၂၁**
နိုင်ဂျီးရီးယားနိုင်ငံမှ ကလေး ၂ ဒသမ ၂ သန်းမှာ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြားတွင် ပုံမှန်ကာကွယ်ဆေးထိုးနှံမှုမရရှိကြဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က ဧပြီ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါကလေးများအတွက် ပြင်းထန်သည့် ရောဂါများမှ ကာကွယ်နိုင်ရန်အတွက် လိုအပ်သော လုပ်ဆောင်မှုများ ချက်ချင်းလုပ်ဆောင်ရန် လိုအပ်သည်ဟု ယူနီဆက်ဖ်က ပြောသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလနှင့် ကိုဗစ်-၁၉ ကာလမတိုင်မီ မွေးသည့် ကလေးများမှာ ပုံမှန်ကာကွယ်ဆေးထိုးရမည့်အချိန်ကို ကျော်လွန်လာကြပြီဖြစ်သည်ဟု နိုင်ဂျီးရီးယားရှိ ယူနီဆက်ဖ်မှ ကျန်းမာရေး အကြီးအကဲဖြစ်သူ အက်ဒ်ဝါဒိုစီလေ့က ပြောသည်။

ပုံမှန် ကာကွယ်ဆေးထိုးနှံမှုခံယူရန် လွဲချော်သွားသည့်ကလေးများအတွက် ကာကွယ်ဆေးထိုးပေးရန် အစိုးရက ကြိုးပမ်းအားထုတ်နေသော်လည်း နိုင်ဂျီးရီးယားနိုင်ငံမှ နောက်ကျကျန်ရစ်နေဆဲဖြစ်သည်။ ရလဒ်အနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဝက်သက်ရောဂါဖြစ်ပွားသည့်ဦးရေမှာ ၂၀၂၁ ခုနှစ်ကထက် နှစ်ဆပို၍ များပြားလာသည်။ လတ်တလောတွင် နိုင်ဂျီးရီးယားနိုင်ငံမှာ အမျိုးမျိုးသော ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များကို ပြည့်မီအောင်ကြိုးစားရန် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပြီး တစ်ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးပန်းတိုင်နှင့် အလှမ်းဝေးနေဆဲဖြစ်သည်ဟု ၎င်းကပြောသည်။

ကာကွယ်ဆေးထိုးနှံရန် ပျက်ကွက်ရသည့် အကြောင်းရင်းများထဲတွင်ကာကွယ်ဆေး၏ဘေးထွက်ဆိုးကျိုးများကို ကြောက်ရွံ့ခြင်း၊ အသိပညာ ဗဟုသုတနည်းပါးခြင်း၊ ကာကွယ်ဆေးထိုးပေးသည့်နေရာများနှင့် အလှမ်းကွာဝေးလွန်းခြင်းနှင့် ကာကွယ်ဆေးကို မယုံကြည်မှုတို့ ပါဝင်သည်ဟု ၎င်းက ပြောသည်။ **ဆင်ဟွာ**


ကလေးငယ်တစ်ဦးကို ကာကွယ်ဆေးတိုက်ကျွေးစဉ်။

## ယူ ၂၀ ကမ္ဘာ့ဖလားအတွက် အရာရှိများ ဖီဖာခန့်အပ်

**ဇူးရစ် ဧပြီ ၂၁**
၂၀၂၃ ခုနှစ် အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အာဂျင်တီးနားနိုင်ငံ၌ မေ ၂၀ ရက်မှ ဇွန် ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲအတွက် အရာရှိများကို ဧပြီ ၂၀ ရက်တွင် ဖီဖာက ခန့်အပ်ခဲ့သည်။ ဖီဖာ ဒိုင်ကော်မတီမှ ဒိုင်လူကြီး ၂၅ ဦးနှင့် လက်ထောက်ဒိုင် ၃၈ ဦးကို ရွေးချယ်ခဲ့သည်။ ဘောလုံးပြိုင်ပွဲကြီးမစတင်မီ ရက်အနည်းငယ်အတွင်း ဒိုင်လူကြီးများနှင့် ပြိုင်ပွဲအရာရှိများသည် နောက်ဆုံးပြင်ဆင်မှုဆွေးနွေးပွဲသို့ တက်ရောက်ကြမည်ဖြစ်သည်။


ယူ ၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအသင်းများမှာ အာဂျင်တီးနား၊ ဘရာဇီး၊ ကိုလမ်ဘီယာ၊ အီကွေဒေါ၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ အင်္ဂလန်၊ ဖီဂျီ၊ ပြင်သစ်၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်စ်၊ အီရတ်၊ အစ္စရေး၊ အီတလီ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ နိုင်ဂျီရီးယား၊ ဆီနီဂေါ၊ စလိုဗက်ကီးယား၊ ဂမ်ဘီယာ၊ တူနီးရှား၊ ဥရုဂွေး၊ အမေရိကန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ဖြစ်ကြသည်။ **ဆင်ဟွာ**

## ကိုလံဘီယာနိုင်ငံ၌ မိုင်းတွင်းပေါက်ကွဲမှုဖြစ်ပွား ပျောက်ဆုံးနေသူ ခုနစ်ဦးအနက် သုံးဦးသေဆုံးတွေ့ရှိ

**ဘိုကိုတာ ဧပြီ ၂၁**
ကိုလံဘီယာနိုင်ငံ ကူကူနူဘာဒေသတွင် ဧပြီ ၂၀ ရက်နံနက်ပိုင်းက မိုင်းတွင်းပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသော မိုင်းတွင်းလုပ်သားခုနစ်ဦးအနက် သုံးဦးကို သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ကိုလံဘီယာ အမျိုးသားသတ္တုတူးဖော်ရေးအေဂျင်စီက အတည်ပြုဖော်ပြခဲ့သည်။

ကယ်ဆယ်ရှာဖွေရေးသမားများက ပျောက်ဆုံးနေသော မိုင်းတွင်းလုပ်သား ခုနစ်ဦးကို ဆက်လက်ရှာဖွေနေစဉ် ပိတ်မိနေသော မိုင်းတွင်းလုပ်သားလေးဦးကို အသက်ရှင်လျက် ဆွဲထုတ်နိုင်ခဲ့သည်ဟု ကယ်ဆယ်ရှာဖွေရေးအသင်း၏ အစီရင်ခံဖော်ပြထားသော ဖော်ပြချက်ကို လက်ခံရရှိခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

မိုင်းတွင်းပေါက်ကွဲမှုသည် ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် ဖြစ်ပွားခဲ့သည်။ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများတွင် အမျိုးသားသတ္တုတူးဖော်ရေးအေဂျင်စီ၊ အရပ်ဘက်ကာကွယ်ရေးအဖွဲ့၊ ပြည်သူ့တပ်ဖွဲ့နှင့် မီးသတ်ဌာနတို့ အတူတကွ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သတ္တုနှင့်စွမ်းအင်ဝန်ကြီး အိုင်ရီနီ ဗီလက်ဇ်က ပြောသည်။ **ဆင်ဟွာ**



## ၁၂ နှစ်တာကာလအတွင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး အိန္ဒိယသို့ ပထမဆုံးအကြိမ် သွားရောက်မည်

**နယူးဒေလီ ဧပြီ ၂၁**
ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးသည် ထိပ်တန်းအဆင့်မြင့်ဆုံး သံတမန်တစ်ဦးအနေဖြင့် ၁၂ နှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံသို့ ပထမဆုံးလာရောက်ရန် စီစဉ်လျက်ရှိသည်။ ကျွမ်းကျင်သူများက အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံအကြား အေးစက်နေသော အခြေအနေကို တိုးတက်ကောင်းမွန်စေမည်ဟု မျှော်လင့်လျက်ရှိသည်။

ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဘီလာဝယ် ဘူတို ဇာဒါရီသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (အက်စ်စီအို) ၏ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။ နှစ်ရက်ကြာပြုလုပ်မည့် အစည်းအဝေးကို အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ မေ ၄ ရက်နှင့် ၅ ရက် နှစ်ရက်ကြာ ကျင်းပမည်ဖြစ်သည်။

ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဘူတိုအနေဖြင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးနှင့် နှစ်နိုင်ငံသီးခြားတွေ့ဆုံဆွေးနွေးဖြစ်မည်၊ မဖြစ်မည်ကို ဖော်ပြပြောကြားခြင်း မရှိခဲ့ပေ။

အိန္ဒိယနိုင်ငံသည် ၎င်းအုပ်ချုပ်သည့် ကက်ရှ်မီးယား၏ တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အခြေအနေကို ၂၀၁၉ ခုနှစ်က ပယ်ဖျက်လိုက်ချိန်ကတည်းက နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် အေးစက်သွားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ကက်ရှ်မီးယားဒေသကို ပိုင်ဆိုင်ကြောင်း ကာလအတန်ကြာကပင် ဆိုနေကြသည်။

အက်စ်စီအိုသည် ဒေသတွင်း နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံက ဦးဆောင်ကာ ရုရှား၊ အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ပါဝင်ကြသည်။

ဘူတို၏ အိန္ဒိယခရီးစဉ်သည် နှစ်နိုင်ငံ ဆက်ဆံရေးအတွက် လမ်းပိုပွင့်လာမည် ဖြစ်ကြောင်း ကျွမ်းကျင်သူများက ယုံကြည်လျက်ရှိသည်။ **အင်န်အီတ်ချ်ကေ**



# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၅၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၂၈၁၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၇ | ၂၀၂၀ |
| 95 Ron | ၂၀၃၇ | ၂၁၁၁ |
| HSD (500 ppm) | ၁၈၇၄ | ၁၉၄၁ |
| HSD (50 ppm) | ၁၉၄၈ | ၂၀၁၆ |
| HSD (10 ppm) | ၁၉၄၈ | ၂၀၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂)ရာခိုင်နှုန်းရှိ

**(၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၉၉၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦးအနက် (၈) ဦး၊ (၅၃.၃၃) ရာခိုင်နှုန်းမှာ ပြည်ပမှ ဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၇) ဦး၊ (၄၆.၆၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၈) ဦး | (၅၃.၃၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၇) ဦး | (၄၆.၆၇) % |
| **စုစုပေါင်း** | **(၁၅) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၇၂,၅၈၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၂၅၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၅၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အနုပညာသည် ပြည်သူအတွက်မို့ လက်ခုပ်တီး၍ကြိုဆိုမည် မြန်မာ့ရုပ်ရှင်အကယ်ဒမီ . . . .

နွေကုံကော်(မြို့လှ)

၂၀၂၃ ခုနှစ် မေ ၆ ရက်တွင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု တစ်နည်းအားဖြင့် အကယ်ဒမီဆုပေးပွဲကြီးကို နေပြည်တော်၌ ကျင်းပတော့မည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မချီးမြှင့်နိုင်ခဲ့သည့် ၂၀၁၉၊ ၂၀၂၀၊ ၂၀၂၂ ခုနှစ် သုံးနှစ်စာအတွက် ချီးမြှင့်မည်ဖြစ်သောကြောင့် အကျုံးဝင်သည့် အနုပညာရှင်များနှင့် အတတ်ပညာရှင်များကတော့ ပြုံးပျော်နေကြပေတော့မည်။ ဆုပေးပွဲကြီးကိုလည်း ခမ်းနားထည်ဝါစွာ၊ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်အောင် တာဝန်ရှိသူအသီးသီးက စီမံဆောင်ရွက်နေသဖြင့် အချိုပေါ်သကာလောင်းသည့်နှယ် ရှိနေပါတော့သည်။ ၁၉၅၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုသက်တမ်းသည် နှစ်ပေါင်း ၇၀ ကျော်လွန်ခဲ့ပြီဖြစ်ပြီး မကြာမီစိန်ရတုကာလဆီ ရောက်ရှိပါတော့မည်။ အကယ်ဒမီဆုပေးပွဲပြန်လည်ကျင်းပမည့်သတင်းများကို စတင်ကြားသိခဲ့စဉ်ကပင် ပြည်သူထဲက ပြည်သူတစ်ဦးအနေဖြင့် စာရေးသူဝမ်းသာမိခဲ့သည်။ ကိုယ့်ပတ်ဝန်းကျင်မှ မိတ်ဆွေများသည်လည်း ထိုနည်းအတိုင်း ပျော်ရွှင်မှုနှင့်အတူ မုဒိတာစိတ်များ ဖြစ်ပေါ်ခဲ့ကြသည်။

## ပြည်သူက ပြန်လည်အသိအမှတ်ပြုသောအောင်ပွဲ

မိမိတို့ ချစ်ခင်အားပေးသော အနုပညာရှင်များအတွက် လက်ခုပ်တီးအားပေးရန် ပြင်ဆင်နေကြလေပြီ။ ပြည်သူများပင် ကြိုတင်ဝမ်းသာနေပြီဆိုပါက ကာယကံရှင်များအတွက်မူကား ဆိုဖွယ်ရာမရှိတော့ပြီ။ အနုပညာသည် ပြည်သူအတွက်ဟူသည့် ဆိုစကားအတိုင်း ပြည်သူက ပြန်လည်အသိအမှတ်ပြုသော အနုပညာရှင်တို့၏အောင်ပွဲဟုပင် ဆိုရမည်ဖြစ်သည်။ အကယ်ဒမီသက်တမ်း နှစ် ၇၀ ကျော်ကာလတွင် စာရေးသူမီခဲ့သည်က ၃၅ နှစ်ဖြစ်၏။ ဆိုရလျှင် အကယ်ဒမီသက်တမ်းတစ်ဝက်ပင်။ စာရေးသူတို့ငယ်စဉ်က အဖြူအမည်းတီဗွီလေးဖြင့် အားလပ်ချိန်များကို အပန်းဖြေခွင့်ရခဲ့ကြသည်။ ယောက်ျားလေးများပီပီ ပြည်တွင်း၊ ပြည်ပဘောလုံးပြိုင်ပွဲများကို ပိုမိုအားပေးဖြစ်ခဲ့ကြသည်။ တနင်္ဂနွေနေ့လယ်တွင်မူ ရုပ်ရှင်ဇာတ်ကားကောင်းများ ပြန်လည်ပြသတတ်သည်မို့ စောင့်မျှော်ကြည့်ရှုတတ်ကြပြန်သည်။ အကယ်ဒမီပေးပွဲလာတော့မည့် သတင်းကြားသည်နှင့် ရွာရှိအပျိုတစ်သိုက်ရော အဒေါ်ကြီး၊ အဒေါ်လေးများပါ လှုပ်လှုပ်ရွရွဖြစ်လာကြသည်ကို မှတ်မိနေပါသေးသည်။

ယောက်ျားလေးများထက် မိန်းကလေးများက အကယ်ဒမီကို ပိုမိုစိတ်ဝင်စားခဲ့ကြသည်။ ဘယ်သူရမည်၊ ဘယ်ဝါရမည်ဟူသော ထင်ကြေးများဖြင့် ခန့်မှန်းလို့ မဆုံးနိုင်ခဲ့ကြ။ ငယ်စဉ်ကပင် အနုပညာသွေးတို့ ကိန်းအောင်းခဲ့သော စာရေးသူအနေဖြင့် အကယ်ဒမီဆုပေးပွဲလာသောနေ့များတွင် အဒေါ်၊ အစ်မများကြားရောက်ပြီး အဖြူအမည်းတီဗွီလေးမှတစ်ဆင့် သူတို့ကဲ့သို့ ရင်ခုန်ခဲ့ရသည်။ မီးဆလိုက်ကြီးများက မည်သူ့ဆီရောက်သွားမလဲ၊ ဆုကြေညာသူက မည်သူ့ကိုကြေညာလိုက်မလဲ သို့လောသို့လော အတွေးခံစားချက်များက ပရိသတ်များကိုပင် ရင်သိမ့်တုန်စေခဲ့သည်။ အခြားသော အသံပိုင်း၊ ဓာတ်ပုံပိုင်း၊ ဇာတ်ညွှန်းပိုင်းဆိုင်ရာ ဆုများထက် မင်းသား၊ မင်းသမီးဇာတ်ဆောင်၊ ဇာတ်ပို့ဆုများကို ပိုမိုရင်ခုန်မိခဲ့ကြသည်။

ထိုမင်းသား၊ မင်းသမီးများကို အားကျစိတ်ဖြင့် ကိုယ်ကြိုက်နှစ်သက်ရာ အမည်နာမများကိုယူလျက် ကိုယ့်ဘဝအတွက် ကိုယ်တိုင် မင်းသား၊ မင်းသမီးများဖြစ်စေခဲ့ကြသည်။ ပျိုးနုတ်ချိန်၊ ကောက်စိုက်ချိန်မှသည် လယ်ယာရိတ်သိမ်းချိန်အထိ မင်းသား၊ မင်းသမီးတို့၏အကြောင်း ပြောမဆုံးနိုင်ခဲ့ကြ။ ဘောလုံးပွဲ ကြည့်ပြီးလျှင်လည်း ထိုအတိုင်းပင်။ မိမိတို့ဘာသာ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်း၊ စိုးမြတ်မင်း အမည်များ ခံယူလိုက်ကြသည်။ လေးစားအားကျ အတုယူစိတ်ကြောင့် ဖြစ်ပါ၏။

## ပြည်သူတို့၏ စာရိတ္တမဏ္ဍိုင်ကို တည့်မတ်ပေး

အဆို၊ အက၊ အရေး၊ အတီး အနုသုခုမ ပညာရပ်အားလုံးသည် ပြည်သူတို့၏ စာရိတ္တမဏ္ဍိုင်ကို တည့်မတ်ပေးစေသော အရာများဖြစ်ကြ၏။ အဆိုတော်ကြီး တွံတေးသိန်းတန်၏ တေးသီချင်းများကြောင့် ကျေးလက်နေပြည်သူများ၏ ဘဝကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့ခဲ့ကြရသည်။ စာရေးဆရာကြီးများစွာ၏ ကလောင်စွမ်းများကြောင့် ပြည်သူတို့ နားမျက်စိပွင့်ခဲ့ရသည်။ ဟာသပညာရှင်များ၏ ပြက်လုံးများကြောင့် ဘဝအမောများပြေကာ လုပ်ငန်းခွင်ထဲ အားအင်တိုးပွားခဲ့ရသည်။



၂၀၂၂ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ကားကြော်ငြာအချို့။



ထိုသို့ အနုပညာရှင်များပေးသော သတင်းစကားကို ရယူလျက် ဘဝလမ်းကြောင်း မတိမ်းစောင်းအောင် လျှောက်လှမ်းနေသူများထဲတွင် ပြည်သူထဲက ပြည်သူတစ်ဦးဖြစ်သော စာရေးသူလည်းအပါအဝင်ဖြစ်၏။ ငယ်စဉ်ကာလ ရွာတောင်ပိုင်းဗီဒီယိုရုံတွင် နေထက်လင်း၊ သီဟတင်စိုးဇာတ်ကားများ ကြည့်ပြီးတိုင်း သူတို့ကဲ့သို့ နယ်ချဲ့ကို တိုက်ထုတ်ချင်သည့် တိုက်ပွဲဝင်မင်းသားများဖြစ်ချင်ခဲ့သည်။ ထို့နောက်ပိုင်း ဝေလည်းမွှေး ကြွေလည်းမွှေးမှ ပြောင်မြောက်သော သရုပ်ဆောင်ချက်များကို ကြည့်ခဲ့ရပြီး တပ်မတော်သားဘဝကို ပိုမိုခုံမင်ခဲ့သည်။

ယနေ့အချိန်အထိ မှတ်မှတ်ထင်ထင်ရှိနေသော ရုပ်ရှင်ဇာတ်ကားများကို ရွေးထုတ်ရမည်ဆိုပါလျှင် ရွှေချည်ငွေချည်တန်းပါလို့၊ ပန်းမြိုင်လယ်ကဥယျာဉ်မှူး၊ သူ့ကျွန်မခံပြီ၊ တိုက်ပွဲခေါ်သံ၊ သကြန်မိုး၊ အဖေ့နေရာ၊ ဒိုး၊ ဆဋ္ဌဂံ၊ ဆန်ရေ အမေ့နို့ဖိုး၊ ငယ်သူမို့မသိပါ၊ အများနှင့်မသက်ဆိုင်သောသူ၊ ကိုးဆယ်ဆသာလိမ့်မယ်၊ ကြိုးကြာတောင်ပံခတ်သံ စသည့် စသည့် ရုပ်ရှင်ဇာတ်ကားများက ဦးနှောက်ထဲ အစီအရီဝင်ရောက်လာခဲ့သည်။

## ပရိသတ်တို့၏ရင်ထဲ ထင်ကျန်နေဆဲ

ထိုရုပ်ရှင်ဇာတ်ကားပေါင်းများစွာအပြင် အခြားသော ရသကိုးပါးတို့ဖြင့် ပုံဖော်ရိုက်ကူးခဲ့သည့် ရုပ်ရှင်များစွာသည်လည်း မြန်မာ့ရုပ်ရှင်သမိုင်းနှင့် ပရိသတ်တို့၏ရင်ထဲ ထင်ကျန်နေဆဲဖြစ်သည်။ ဇာတ်ကားများကောင်း၍ သရုပ်ဆောင်မှုပိုင်း ကောင်းမွန်ကြသည့်တိုင် ဆုတို့၏ သဘောသဘာဝအတိုင်း အားပေးသူပရိသတ်များ၏ ဆန္ဒနှင့် အကဲဖြတ်ရွေးချယ်သည့် ပညာရှင်ကြီးများ၏ အတည်ပြုချက်များကလည်း ကွဲလွဲမှုရှိတတ်ကြစမြဲသာ။ ရုပ်ရှင်အကယ်ဒမီဆု ရွေးချယ်ရေးတွင်သာမဟုတ်ဘဲ အခြားသော စာပေ၊ ဂီတ၊ အားကစားနယ်ပယ်အသီးသီးတွင်လည်း ထိုနည်းအတိုင်း ကွဲပြားမှုများရှိနေတတ်သည်ကို သတိပြုလျှင် တွေ့ရပါလိမ့်မည်။

ပရော်ဖက်ရှင်နယ် အားကစားသမားများအနေဖြင့် ကျင်လည်ရာ အားကစားနည်းအလိုက် တစ်ဦးချင်း အသိအမှတ်ပြုတံဆိပ်များကို မျှော်မှန်းတတ်ကြသည့်အားလျော်စွာ အနုပညာရှင်များအနေဖြင့်လည်း သူတို့၏ရွှေရောင်အိပ်မက်များဖြစ်သည့် ထူးချွန်ဆုများကို မျှော်မှန်းတတ်ကြစမြဲပင်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီသည်ကား ရုပ်ရှင်လောကသားတိုင်း အမြတ်တနိုးတန်ဖိုးထားသည့် ဆုပင်ဖြစ်၏။

စာမျက်နှာ ၁၇ သို့

- **အနုပညာရှင်များအနေဖြင့်လည်း သူတို့၏ ရွှေရောင်အိပ်မက်များဖြစ်သည့် ထူးချွန်ဆုများကို မျှော်မှန်းတတ်ကြစမြဲပင်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီသည်ကား ရုပ်ရှင်လောကသားတိုင်း အမြတ်တနိုးတန်ဖိုးထားသည့် ဆုပင်ဖြစ်၏။ ဆုမရဖူးသေးသူများအနေဖြင့် ရွှေစင်ရုပ်တု ပိုင်ဆိုင်ချင်သကဲ့သို့ ရပြီးသူများကလည်း ဆက်ရနိုင်ရေးကြိုးစားကာ သမိုင်းမှတ်တမ်းကောင်း စံချိန်များ စိုက်ထူလိုကြသည်**
- **ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနုပညာသည် ပြည်သူအတွက်ဟူသော လမ်းစဉ်အတိုင်း ကျင့်ကြံပြီး ရွှေစင်ရုပ်တုများ ပိုင်ဆိုင်ခွင့်မရသည့်တိုင် ပြည်သူချစ်သောအနုပညာရှင်များစွာ ရှိနေပါသေးသည်**

# မန္တလေးမြို့အတွင်းပြေးဆွဲလျက်ရှိသော လူစီးသုံးဘီးအငှားယာဉ်များ ဆေးရောင်တစ်ရောင်တည်း(အဝါ)ဖြစ်စေရေး ဆောင်ရွက်ရန်အသိပေး

**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့တော်ကို မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး၊ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး၊ ခရီးသည်များ လုံခြုံချောမွေ့စွာ ဖြင့်သွားလာမှု ပိုမိုအဆင်ပြေစေရန်နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေး တို့ကို ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ဆုံးဖြတ်ညွှန်ကြားချက်အရ မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်များတင်ဆောင်ပြေးဆွဲလျက်ရှိသည့် လူစီးသုံးဘီး အငှားယာဉ်များကို ဆေးရောင်တစ်ရောင်တည်း အဝါရောင် (ကုဒ်နံပါတ် – 455) ကို



၂၀၂၃ခုနှစ် ဇွန် ၃၀ ရက်အတွင်း ဆေးရောင်ပြောင်းရန် လူစီးသုံးဘီး အငှားယာဉ်ပိုင်ရှင်များသို့ ကြိုတင်အသိပေးနှိုးဆော်ခဲ့ပြီးဖြစ်သည်။

လူစီးသုံးဘီး အငှားယာဉ်ပိုင်ရှင်များအနေဖြင့် သတ်မှတ်ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ရက် ၃၀-၆-၂၀၂၃ အတွင်း ဆောင်ရွက်ရန်ပျက်ကွက်သည့် လူစီးသုံးဘီး အငှားယာဉ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ (မြို့တွင်း)က အသိပေးနှိုးဆော်ထားသည်။

**သွင်ထူးညဏ်ဇော်(မန္တလေး)**

# မော်လိုက်မြို့၌ ခရိုင်အဆင့်မြစိမ်းရောင် ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**မော်လိုက် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ခရိုင်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ပွဲအခမ်းအနားကို ဧပြီ ၂၀ ရက်က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များ တက်ရောက်သည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းမြင့်က စီမံကိန်းရန်ပုံငွေလည်ပတ်မှုအခြေအနေနှင့် ကဏ္ဍအလိုက် ချေးငွေထုတ်ချေးထားမှုအခြေအနေ၊ တွေ့ကြုံရသော အခက်အခဲများနှင့် စီမံဆောင်ရွက်မှုအခြေအနေများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ရန်ပုံငွေဆုံးရှုံးမှုလျော့နည်းစေရေး သုံးသပ်ဆွေးနွေးရန်အချက်များကို ဆွေးနွေးတင်ပြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက ခရိုင်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းအပေါ်သုံးသပ်အကြံပြုဆွေးနွေးသည်။

မော်လိုက်ခရိုင်အတွင်း၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၂၃၅ ရွာရှိသည့်အနက် ကျေးရွာ ယူနစ် ၅၇ယူနစ် ဆောင်ရွက်လျက်ရှိပြီး ၂၄ ဒသမ ၅ ရာခိုင်နှုန်းလွှမ်းခြုံလျက်ရှိကြောင်း၊ ခရိုင်အတွင်းစီမံကိန်းကို ကဏ္ဍအလိုက်ထုတ်ချေးဦးရေ ၇၅၀၈ ဦးအား ၂၅၉၃ဒသမ၂၅ သန်း ဖြင့် လုပ်ငန်းများလည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဇော်ဘီ (မြန်မာ့အလင်း)**



# ပေါက်တောမြို့၌ ယာဉ်ကြောကျပ်တည်းမှုကိုဖြေရှင်းနိုင်ရန် တစ်လမ်းမောင်းစနစ် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

**ပေါက်တော ဧပြီ ၂၁**

ရခိုင်ပြည်နယ် ပေါက်တောမြို့၌ စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းနိုင်ရန်၊ ယာဉ်အသုံးပြုသွားလာနေသူများ လမ်းသွားလမ်းလာပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်စေရန်နှင့် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရန် ရည်ရွယ်၍ မြို့နယ်တစ်လမ်းမောင်းစနစ်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျန်အေးနှင့်အဖွဲ့ဝင်များ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့များ ပါဝင်သောပူးပေါင်းအဖွဲ့သည်မြို့နယ်စည်ပင်သာယာရေးဈေးကြီးအဝင် လမ်းဖြစ်သည့် ဗိုလ်ချုပ်ရှင်းပျံလမ်း၊ ရွှေပန်းထိမ်လမ်း၊ ဗိုလ်ချုပ်ရှင်းပျံလမ်းသွယ်၊ အဏ္ဏဝါသီရိလမ်း၊ ပြန်/ဆက်ရုံးလမ်းကြားနှင့် စောပြည့်ညိုလမ်းတို့တွင် တစ်လမ်းမောင်းစနစ် အကောင်အထည်ဖော်မှု အောင်မြင်စွာဆောင်ရွက်နိုင်မှုအတွက် စစ်ဆေးကြပ်မတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ တစ်လမ်းမောင်းစနစ်ဆောင်ရွက်ရခြင်းမှာ စည်းကမ်းမဲ့ ယာဉ်များ မောင်းနှင်ခြင်းကြောင့် မလိုလားအပ်သောပြဿနာများ မပေါ်ပေါက်စေရန်အတွက် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ခြင်းဖြစ်ပြီး အပတ်စဉ် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) နေ့ရက်များတွင် ကြီးကြပ်ရေးကော်မတီဝင် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများကို သတ်မှတ်ကာလတစ်ခုအထိ ဆောင်ရွက်သွားမည်ဖြစ်ကာ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက လိုက်နာမှုမရှိသူများအား ဒဏ်ကြေးငွေပေးဆောင်စေခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

*စာမျက်နှာ ၁၆ မှ*

ဆုမရဖူးသေးသူများအနေဖြင့် ရွှေစင်ရုပ်တု ပိုင်ဆိုင်ချင်သကဲ့သို့ ရပြီးသူများကလည်း ဆက်ရနိုင်ရေးကြိုးစားကာ သမိုင်းမှတ်တမ်းကောင်းစံချိန်များ စိုက်ထူလိုကြသည်။ ဆုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အနုပညာသည် ပြည်သူအတွက်ဟူသော လမ်းစဉ်အတိုင်းကျင့်ကြံပြီး ရွှေစင်ရုပ်တုများ ပိုင်ဆိုင်ခွင့်မရသည့်တိုင် ပြည်သူချစ်သောအနုပညာရှင်များစွာ ရှိနေပါသေးသည်။

အရေးကြီးသည်မှာ အနုပညာသည် ပြည်သူအတွက်ဟူသော ခေါင်းစဉ်အား လွဲမှားစွာ မခံယူ အသုံးမချရေးပင်ဖြစ်၏။ စာရေးသူနှစ်သက်၍ နှလုံးသားထဲစွဲနေသော အထက်တွင်ဖော်ပြခဲ့သည့် ရုပ်ရှင်ဇာတ်ကားများက သက်သေဖြစ်သည်။ အခြားသော ရုပ်ရှင်ဇာတ်ကားကြီးများလည်း ကျန်ရှိနေပါသေးသည်။ ပြည်သူ့လက်ခုပ်သံရရှိရေးအတွက် လူပြိန်းကြိုက် ရေးသားဖျော်ဖြေတင်ဆက်မှုများသည် တိုင်းပြည်အတွက် အဆိပ်အတောက်ပင်ဖြစ်၏။

### ပြည်သူ့လက်ခုပ်သံကို ညာယူမိလျှင်

ထိုအဆိပ်ငွေ့ကို ဦးဆုံးရှူရှိုက်ရမည့်သူက မိမိဖြစ်သည်ကို သတိပြုစေလိုသည်။ ပြည်သူ့လက်ခုပ်သံကို ညာယူမိလျှင် ပြည်သူက ပြန်လည်အပ်နှင်းမည့် အနုပညာအောင်မြင်မှုအသီးအပွင့်ကို ပြန်လည်ခံစားခွင့်ရနိုင်မည် မဟုတ်ပါချေ။ အနုပညာရှင်သည် မိမိတို့တတ်ကျွမ်းသော အနုပညာရပ်အသီးသီးဖြင့် တိုင်းပြည်ကို အလှခြယ်လျှင် အမိတိုင်းပြည်သည် ဆေးရောင်စုံပန်းချီကားတစ်ချပ်ပမာ လှပနေလိမ့်မည်ဖြစ်သည်။ တိုင်းပြည်၏လှပဝေဆာနေသော ထိုဆေးရောင်စုံအလှများကိုကြည့်လျက် မျိုးဆက်သစ်တိုင်းရင်းသားပြည်သူများ ကြည်နူးပီတိဖြစ်ကြပါလိမ့်မည်။ ထိုကြည်နူးအားကျစိတ်များဖြင့် တိုင်းပြည်၏ ပခုံးပြောင်းတာဝန်များကို လက်ဆင့်ကမ်းသယ်ယူကြလိမ့်မည်ဖြစ်သည်။

### တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာပျက်လျှင်

ဤနေရာတွင် သတိပြုဖွယ်အရာလေးတစ်ခု ခေါင်းထဲပေါ်လာသည်။ စာရေးသူတို့ငယ်စဉ်က မိမိတို့သဘောကျနှစ်သက်သည့် မင်းသား၊ မင်းသမီးများ၏ အမည်ကိုသာ ကိုယ့်ကိုယ်ကိုယ် ကင်ပွန်းတပ်ကြပြီး ဇာတ်ပို့လူကြမ်းသရုပ်ဆောင်များ ဗီလိန်များ၏အမည်ကိုတော့ မည်သူမှမယူခဲ့ကြပါချေ။ အသက်ဝင်ပီပြင်သော ဇာတ်ပို့သရုပ်ဆောင်များ၏ စွမ်းဆောင်ချက်များကြောင့် ပြင်ပနယ်ပယ်ရောက်သည်အထိ အထင်လွဲခံရသည့် သာဓကများကို ကြားသိရပါ၏။ ဇာတ်လမ်းအရမဟုတ်ဘဲ အနုပညာအရေခြုံလျက် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာပျက်သူများကိုတော့ တိုင်းပြည်က အမှန်တကယ်ဒဏ်ခတ်လိမ့်မည်ဖြစ်သည်။

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အမျိုးဘာသာ၊ သာသနာအရေးနှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ စားရေရိက္ခာပေါများစေရေးအတွက်လည်းကောင်း တက်ကုန်ရွက်စုံလွှင့်လျက် ကြိုးပမ်းလျက်ရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်ပေသည်။ မမြင်နိုင်သူများနှင့် မြင်အောင်မကြည့်သူများမှာ မြန်မာနိုင်ငံ၏ ကောင်းရာကောင်းကျိုးမလိုလားသည့် ပြည်ပနိုင်ငံများကပေးထားသော အဆိပ်သင့်မျက်မှန်များ တပ်ထားသောကြောင့်သာဖြစ်ပေမည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်သူတို့မွန်းကျပ်ခဲ့ရမှုများအတွက် ကပ်ရောဂါအား အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်လာနိုင်သည့်နောက် ရောဂါကာကွယ်ရေးစည်းကမ်းများနှင့်အညီ ပုံမှန်ကျင်းပမြဲဖြစ်သည့် ပွဲလမ်းသဘင်များကို ပြန်လည်ကျင်းပပေးနိုင်ခဲ့ပြီး ပြည်သူတို့ စိတ်နှလုံးကိုရွှင်ပြုံးခွင့်ရစေခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အမျိုးသားရေးပြယုဂ်ဖြစ်သည့် စိန်ရတုပြည်ထောင်စုနေ့နှင့် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားများကိုလည်း ကြီးကျယ်ခမ်းနားစွာကျင်းပပေးနိုင်ခဲ့သည်။ ပူပူနွေးနွေးပြီးစီးခဲ့သည့် နှစ်သစ်ကူးအတာသင်္ကြန်ကာလသည်လည်း နိုင်ငံတစ်ဝန်း အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့သည်ကို အားလုံးမြင်တွေ့ခဲ့ရပြီးဖြစ်သည်။

မကြာမီ ပြည်သူများရော အနုပညာရှင်များပါ မျှော်ကြရဦးမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီ) ပေးပွဲကြီး ရောက်ရှိလာပြီး သုံးနှစ်စာ ဝေဝေဆာဆာကျင်းပပေဦးမည်။ စာရေးသူအနေဖြင့် အကယ်ဒမီပေးပွဲကြီးအား မြင်ယောင်စိတ်ကူးပုံဖော်ရင်း နားရည်ဝနေပြီဖြစ်သည့် **"မြန်မာ့ မြန်မာ့ရုပ်ရှင် xxx နိုင်ငံ့ဂုဏ်အင် xxx သုခုမအသွင် xxx ပေါ်လွင်ခဲ့အစဉ်xxx"** တေးသီချင်းကို ကြိုတင်ကြားယောင်လျက် လက်ခုပ်တီးအားပေးဖို့ပြင်ဆင်မိသည်။ ထိုသို့ပြင်ဆင်ရင်း တွေးလိုက်မိသည်ကား အနုပညာရှင် မင်းသား၊ မင်းသမီးတို့၏ ဝတ်ပုံစားပုံနေထိုင်ပုံများကို ခေတ်အဆက်ဆက်အားကျအတုယူခဲ့သည့် ပြည်သူများအတွက် မြန်မာ့ယဉ်ကျေးမှုနှင့်သွေဖည်ခြင်းမရှိသည့် လုပ်ဆောင်ချက်များကို လမ်းပြစေလိုပါကြောင်းနှင့် အနုပညာသည် မိမိတိုင်းပြည်နှင့် လူမျိုးအတွက်သာ ဦးစားပေးဖြစ်သင့်ပါကြောင်းဟူ၍။ ။

ယခုတစ်ပတ် စနေ၊ တနင်္ဂနွေမှာ ပရီမီယာလိဂ်ပွဲစဉ် (၃၂) ကို ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ကြားရက်မှာ ပွဲစဉ် (၃၃) ကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ကာဆယ်က စပါး၊ မန်စီးတီးက အာဆင်နယ်အသင်းတို့နဲ့ တွေ့ဆုံတဲ့ ပွဲစဉ်ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# အဆင့် (၄) အတွင်းဝင်ရေး အမှားခံလို့မရတဲ့ စပါးကို ကာဆယ်ကျော်ဖြတ်ဖို့ ခက်မယ်

## ကာဆယ် VS စပါး

**နောက်ဆုံးတွေ့ဆုံမှု** စပါး ၁-၂ ကာဆယ်

အမှတ်ပေးဇယားအဆင့် (၄) နဲ့ (၅) က အသင်းနှစ်သင်းတွေ့ဆုံမှု ဖြစ်ပြီး အဆင့် (၄) အတွင်းဝင်ရေးမှာ စပါးအသင်းက အမှားခံလို့ မရတော့တဲ့ အခြေအနေမှာ ရှိတယ်။ စပါးက ဒီပွဲစဉ်ပြီးရင် မန်ယူ၊ လီဗာပူးအသင်းတို့နဲ့ ဆက်တိုက်ကစားရဖို့ ရှိပြီး မဖြစ်မနေနိုင်ပွဲရဖို့ ကြိုးစားလာမယ့်စပါးကို ကာဆယ်ကျော်ဖြတ်ဖို့ ခက်မယ်။

**ထိပ်တိုက်တွေ့ဆုံမှု**

စပါး ၁-၂ ကာဆယ်
စပါး ၅-၁ ကာဆယ်
ကာဆယ် ၂-၃ စပါး
ကာဆယ် ၂-၂ စပါး
စပါး ၁-၁ ကာဆယ်
ကာဆယ် ၁-၃ စပါး

| ပရီမီယာလိဂ် ပွဲစဉ် (၃၂) | |
|---|---|
| **၂၂-၄-၂၀၂၃** | **စနေနေ့** |
| ဖူလ်ဟမ် - လိဒ်စ် | ည ၆း၀၀ |
| ဘရန့်ဖို့ဒ် - ဗီလာ | ည ၈း၃၀ |
| ပဲလေ့စ် - အဲဗာတန် | ည ၈း၃၀ |
| လက်စတာ - ဝုဗ် | ည ၈း၃၀ |
| လီဗာပူး - နော်တင်ဟမ် | ည ၈း၃၀ |
| **၂၃-၄-၂၀၂၃** | **တနင်္ဂနွေနေ့** |
| ဘုန်းမောက် - ဝက်စ်ဟမ်း | ည ၇း၃၀ |
| ကာဆယ် - စပါး | ည ၇း၃၀ |

| ပရီမီယာလိဂ် ပွဲစဉ် (၃၃) | |
|---|---|
| **၂၅-၄-၂၀၂၃** | **အင်္ဂါနေ့** |
| ဝုဗ် - ပဲလေ့စ် | နံနက် ၁း၀၀ |
| ဗီလာ - ဖူလ်ဟမ် | နံနက် ၁း၁၅ |
| လိဒ်စ် - လက်စတာ | နံနက် ၁း၃၀ |
| **၂၆-၄-၂၀၂၃** | **ဗုဒ္ဓဟူးနေ့** |
| နော်တင်ဟမ် - ဘရိုက်တန် | နံနက် ၁း၀၀ |
| ဝက်စ်ဟမ်း - လီဗာပူး | နံနက် ၁း၁၅ |
| ချယ်ဆီး - ဘရန့်ဖို့ဒ် | နံနက် ၁း၁၅ |
| မန်စီးတီး - အာဆင်နယ် | နံနက် ၁း၃၀ |
| **၂၇-၄-၂၀၂၃** | **ကြာသပတေးနေ့** |
| အဲဗာတန် - ကာဆယ် | နံနက် ၁း၁၅ |
| ဆောက်သမ်တန်-ဘုန်းမောက် | နံနက် ၁း၁၅ |
| စပါး - မန်ယူ | နံနက် ၁း၄၅ |

## ဘုန်းမောက် VS ဝက်စ်ဟမ်း

**နောက်ဆုံးတွေ့ဆုံမှု** ဝက်စ်ဟမ်း ၂-၀ ဘုန်းမောက်

နှစ်သင်းကြား ရမှတ်ကွာဟမှု နှစ်မှတ်သာရှိပြီး ဘုန်းမောက်ရော ဝက်စ်ဟမ်းအသင်းပါ တန်းဆင်းဇုန်ဖိအားရှိနေတဲ့အတွက် နိုင်ပွဲရရေး ဦးတည်လာမှာပါ။ ခံစစ်ပိုင်း ဆိုးရွားလေ့ရှိတဲ့ ဘုန်းမောက်ကို ဝက်စ်ဟမ်းအသာရဖွယ်ရှိတယ်။

## မန်စီးတီး VS အာဆင်နယ်

**နောက်ဆုံးတွေ့ဆုံမှု** အာဆင်နယ် ၁-၃ မန်စီးတီး

တိုက်စစ်ထက်မြက်တဲ့ အသင်းနှစ်သင်းတွေ့ဆုံမှုအပြင် အမှတ်ပေး ဖလားဆွတ်ခူးရေးပါ အားပြိုင်နေတဲ့ အသင်းနှစ်သင်းတွေ့ဆုံမှု ဖြစ်တာကြောင့် ယခင်တွေ့ဆုံမှုတွေကထက် ပိုမိုပြင်းထန်လာဖွယ် ရှိတယ်။

## နော်တင်ဟမ် VS ဘရိုက်တန်

**နောက်ဆုံးတွေ့ဆုံမှု** ဘရိုက်တန် ၀-၀ နော်တင်ဟမ်

တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ကြိုးစားလာမယ့် နော်တင်ဟမ် အသင်းထက် ဥရောပဝင်ခွင့်တစ်နေရာရရှိဖို့ ကြိုးစားလာမယ့် ဘရိုက်တန်အသင်း အသာရဖွယ်ရတယ်။ နော်တင်ဟမ်က ခံစစ်အဆိုးရွားဆုံးအသင်းထဲမှာပါဝင်နေတာကြောင့် ဘရိုက်တန် ဂိုးပြတ်ဖွယ်ရှိတယ်။

## ချယ်ဆီး VS ဘရန့်ဖို့ဒ်

**နောက်ဆုံးတွေ့ဆုံမှု** ဘရန့်ဖို့ဒ် ၀-၀ ချယ်ဆီး

ချယ်ဆီးက ပြိုင်ပွဲစုံနောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်ထားမှုနှင့်အတူ မတ် ၁၁ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးထားတဲ့ အသင်းဖြစ်တယ်။ ထိုနည်းတူ ဘရန့်ဖို့ဒ်ကလည်း နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်မှုနှင့်အတူ မတ် ၁၆ ရက်နောက်ပိုင်း နိုင်ပွဲပျောက်ဆုံးထားတယ်။

## အဲဗာတန် VS ကာဆယ်

**နောက်ဆုံးတွေ့ဆုံမှု** ကာဆယ် ၁-၀ အဲဗာတန်

ကာဆယ်ရဲ့ ခြေစွမ်း အကောင်းဘက်ဦးတည်လာပြီး အဲဗာတန်ရဲ့ ခြေစွမ်းက အဆိုးဘက်မှာ ရှိတယ်။ အဲဗာတန်က ကာဆယ်ကို မဖြစ်မနေ နိုင်ပွဲရရှိမှသာ တန်းဆင်းဇုန်က လွတ်မြောက်ဖို့ အခွင့်အရေး အားကောင်းလာမှာ ဖြစ်တယ်။

## စပါး VS မန်ယူ

**နောက်ဆုံးတွေ့ဆုံမှု** မန်ယူ ၂-၀ စပါး

ပုံစံကောင်းရရှိနေတဲ့အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ မန်ယူအသင်းရဲ့ ခံစစ်မှာ ဒဏ်ရာရ ကစားသမား များပြားမှုရှိပေမယ့် ရှိတဲ့အင်အားနဲ့ တန်ဟက်ရဲ့ နည်းဗျူဟာ ပေါင်းစပ်ကာ စပါးကို အနိုင်ရရှိရေး ခြေကုန်ထုတ်လာမှာပါ။

# စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် နာမည်ကြီး ဂျေဘီယာ တက်လှမ်း

တူနီးရှားတင်းနစ်မယ် ဂျေဘီယာသည် စတုဂတ်အိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် လတ်ဗီးယားတင်းနစ်မယ် အော့စတာပင်ကို ကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

ဂျေဘီယာသည် နာမည်ကြီး ဗြိတိန်တင်းနစ်မယ် ရာဒူကာနူကို အနိုင်ယူကျော်ဖြတ်ခဲ့သော အော့စတာပင်ကို ကို ၁၆ ဦးအဆင့်တွင် ၁-၆၊ ၇-၅၊ ၆-၃ ဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဂျေဘီယာသည် ယခုပြိုင်ပွဲမတိုင်မီ ဝင်ရောက်ယှဉ်ပြိုင် ကစားခဲ့သည့် ချာလိစ်တန်အိုးပင်းပြိုင်ပွဲ ဆွစ်ဇာလန်တင်းနစ်မယ် ဘင်းဆစ်ကို အနိုင်ယူကာ ပူပူနွေးနွေး ဖလားဆွတ်ခူးထားသူဖြစ်သည်။

၎င်းနှင့်အတူ စတုဂတ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပိုတာကိုဗာ၊ ဘာဒိုဆာ၊ ပီလစ်ကိုဗာ၊ ရှိုင်ဘာကီနာ၊ ဆွီယာတက်ခ်နှင့် ဟာဒက်မာအီယာတို့ တက်ရောက်နိုင်ခဲ့သည်။

ဂျေဘီယာသည် ကွာတားဖိုင်နယ်တွင် ဘရာဇီးတင်းနစ်မယ် ဟာဒက်မာအီရာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။



■ ချာလိစ်တန်အိုးပင်းဆုဖလားနှင့်အတူ တွေ့ရသည့် ဂျေဘီယာ။

# ဂျန့်ခ်ကို အနိုင်ယူပြီး ကွန်ဖရင့်လိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ဝက်စ်ဟမ်းအသင်း တက်လှမ်း

ဧပြီ ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ကွန်ဖရင့်လိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့တွင် ဝက်စ်ဟမ်းအသင်းက ဘယ်လ်ဂျီယံကလပ် ဂျန့်ခ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-နှစ်ဂိုးဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။

ပွဲအစပိုင်းမိနစ်များတွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ဝက်စ်ဟမ်းအသင်းက ဖိအားပေးကစားနိုင်ခဲ့ကာ သွင်းဂိုးများ ဆက်တိုက်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းအတွက် သွင်းဂိုးများကို အန်တိုနီယို၊ ပါကွီတာနှင့် ရိုက်စ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အခြားသောပွဲစဉ်ရလဒ်များတွင် ဘေဆယ်က နိုက်စ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် ဘေဆယ်အသင်း နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။



# အမှတ်လျှော့ပြစ်ဒဏ် ပယ်ဖျက်ပေးမှုကြောင့် ဂျူဗင်တပ်စ်တို့ အဆင့် (၃) နေရာတက်လှမ်းလာ

စီးရီးအေထိပ်သီး ဂျူဗင်တပ်စ်အသင်းအား ချမှတ်ထားသည့် အမှတ်လျှော့ ပြစ်ဒဏ်ကို ပယ်ဖျက်လိုက်သည့်အတွက် စီးရီးအေ အဆင့်ရပ်တည်မှုတွင် ဂျူဗင်တပ်စ်တို့ အဆင့်တက်လာသည်။

ဂျူဗင်တပ်စ်ကို ကစားသမားအပြောင်းအရွှေ့နှင့်ပတ်သက် ပြီး ၁၅ မှတ်လျှော့ ပြစ်ဒဏ်ချမှတ်မှုကို အီတလီ၏ အမြင့်ဆုံး အားကစားခုံရုံးက ပယ်ဖျက်ပေးခဲ့သည့်အတွက် အဆင့် (၇)တွင် ရပ်တည်နေရာမှ အဆင့် (၃) သို့ တက်လှမ်းနိုင်ခဲ့သည်။



## နောက်ဆုံးရ အားကစားသတင်းတိုများ

- ပီအက်စ်ဂျီနှင့် စပါးနည်းပြဟောင်း ပိုချက်တီနို (၅၁နှစ်) အား နည်းပြခန့်အပ်မှုနှင့်ပတ်သက်ပြီး ချယ်ဆီးအသင်းနှင့် တွေ့ဆုံ ဆွေးနွေးမှု ပြုလုပ်လျက်ရှိသည်။
- ယခုနှစ် နွေရာသီတွင် ချယ်ဆီးနှင့် ခရိုအေးရှားကွင်းလယ် ကစားသမား ကိုဗာဆစ် (၂၈နှစ်) ကို မန်စီးတီးအသင်း ခေါ်ယူ လိုနေသည်။
- အင်္ဂလန်ခံစစ်ကစားသမား စမောလင်းသည် ရိုးမားအသင်း၌ စာချုပ်သစ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှု နောက်ဆုံးအဆင့်သို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း သိရသည်။

■ မိုးဇက် - စုစည်းသည်

# တောင်ပေါ်ဒေသ မီးဘေးသင့်ပြည်သူများထံ ဆေးဝါးများနှင့် အထောက်အပံ့ပစ္စည်းများ လှူဒါန်း



**မူဆယ် ဧပြီ ၂၁**

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့တွင် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နေသော "မိုးမခ" ဖောင်ဒေးရှင်း၏ ကူညီချိတ်ဆက်မှုဖြင့် မူဆယ်မြို့တော်ရွှက်ရပ်ကွက် အဆုံးမရှိ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးလွင်ဦး ဦးဆောင်၍ မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့မှ တပ်ခွဲမှူးနှင့် ကြက်ခြေနီစေတနာ့ လုပ်အားရှင်များသည် ဧပြီ ၂၁ ရက်တွင် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာ အနောက် ဘက် တောင်ပေါ်ဒေသ ၁၂ မိုင်၊ (ခ)မိုင်းလွမ်းကျေးရွာတွင် ပြီးခဲ့သည့် ဧပြီ ၇ ရက်က တောမီးလောင်ကျွမ်းမှုကြောင့် အခက်အခဲရှိနေသည့် မီးဘေးသင့်ပြည်သူများအား အလှူရှင်များကိုယ်စား အထောက်အပံ့ ပစ္စည်းများ သွားရောက်လှူဒါန်းပေးသည်။

**ထောက်ပံ့လှူဒါန်း**

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် မန့်မိုင်အုပ်စုအတွင်းရှိ မန့်မိုင်ကျေးရွာ၊ မန့်ပိန်းကျေးရွာ၊ လောကြုံးကျေးရွာ၊ မိုင်ခမ်းကျေးရွာ၊ ပန်မောင်းကျေးရွာ စသည့်အုပ်စုငါးရွာမှ စုပေါင်းထောက်ပံ့ အလှူငွေကျပ် ၈၁၃၁၀၀၀ အပါအဝင် တရုတ်ပြည် ရင်ကျန်းမြို့နေ ဦးထိန်ချူန်း ဦးဆောင်သော မြန်မာနိုင်ငံသားများ ပရဟိတအဖွဲ့မှ မိသားစု ခြင်ထောင် အလုံး ၄၀၊ တစ်ယောက်အိပ် ခြင်ထောင်အလုံး ၆၀ စုစုပေါင်း ခြင်ထောင်အလုံး ၁၀၀၊ ဦးမိုးစက်နှင့် မသိမ့်မိသားစုက အိုးခွက်ပန်းကန်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ မအားချင်းမိသားစုက အဝတ်အထည်များနှင့် အမျိုးသားအမျိုးသမီး၊ ကလေး၊ လူကြီးသုံး ဖိနပ်အမျိုးမျိုး၊ မမိန်မိန်းမိသားစုက စတီးထမင်းစားပန်းကန်နှင့် ဟင်းရည်သောက်ပန်းကန် စုစုပေါင်း ပန်းကန်ပြား အလုံး၁၀၀၊ မြတ်နိုး OS မိသားစုက ကလေး လူကြီး ကျား/မ အဝတ်အထည်အသစ် ပါကင် ၄၀၀၀ ကျော်၊ မနန်းထိုက်မိသားစုက ကျား/မ ကလေး လူကြီး အဝတ်အထည်အသစ်များ၊ ကိုအောင်ကျော်+မအုန်းရီမိသားစုက ကလေးလူကြီးသုံး တစ်ယောက် ခြုံစောင်နှင့် နှစ်ယောက်ခြုံထည်စောင်များ၊ မူဆယ်မြို့တော်ရွှက်ရပ်ကွက်ရှိ အဆုံးမရှိ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးလွင်ဦးနှင့် အသင်းသူအသင်းသားများက ဆေးဝါးအမျိုးမျိုးစသည်ဖြင့် ထောက်ပံ့လှူဒါန်းပေးကာ မီးဘေးသင့်ခံရသူများက လက်ခံယူကြသည်။

**ကူညီဆောင်ရွက်ပေး**

မီးဘေးသင့်ခံစားနေရသူများက "မီးလောင်ပြီး မကြာခင်မှာ အလှူရှင်တွေနဲ့ လူမှုကူညီရေးအသင်းအဖွဲ့တွေ ရောက်လာကြပြီး အဝတ်အစားတွေနဲ့ စားသောက်စရာတွေ လှူဒါန်းပေးကြပါတယ်။ အခုလောလောဆယ် မိုးမကျခင်လေးမှာ အိမ်ကိုအမြန်ဆုံးပြန်ဆောက်နိုင်ဖို့အတွက်ရယ်၊ မီးလောင်ပြီးနောက်ပိုင်း စိတ်ပိုင်းဆိုင်ရာထိခိုက်သွားတဲ့ အဘိုးအဘွားများ၊ ကလေးငယ်များနဲ့ ကျန်းမာရေး မကောင်းတဲ့သူများအတွက် ဆေးဝါးများနဲ့ ကျန်းမာရေး ကူညီစောင့်ရှောက်မှုများ လာရောက် ကူညီဆောင်ရွက်ပေးနိုင်မယ်ဆိုရင်ပိုပြီး အဆင်ပြေပါတယ်"ဟု ပြောသည်။

**သန့်ဇင်(မြန်မာ့အလင်း)**

---

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၂၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

---

## အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်-

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသောနေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့် နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေအေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ်အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခပ်ပေးပါ။

အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက် ကျန်းမာရေးဌာနများသို့ အမြန်ဆုံး ပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

---


**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၄ - ၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၃၅၈၆၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၃၄၀၉၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၂ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၈၇ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၉၅ ကျပ် | ၂၀၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၀၇၅ ကျပ် | ၂၁၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၃၀၂ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၃ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၁ . ၀၈၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၉ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၃ . ၂၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၈၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၈၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၀ | ၀ | ၀ | ၀ |
| MTSH | ၂၉၅၀ | ၃၁၀၀ | ၈၁၈၀ | ၂၄၆၀၃၅၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၂၆၃၇ | ၃၈၈၉၄၀၀ |
| TMH | ၂၄၅၀ | ၂၅၅၀ | ၁၁၀ | ၂၇၀၅၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁၅ | ၃၉၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၉၉ | ၉၆၀၂၀၀ |

ညီညီ - စုစည်းသည်


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဿုံတော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၁ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်မည့် (Lot-1)ပြည်နယ်ရုံးဝင်း ခတ်ခွဲခန်းတည်ဆောက်ခြင်းလုပ်ငန်းနှင့်ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ (Lot-2) မြက်စိုက်ပျိုးရန်(၂၀) ဧက လုပ်ငန်းများအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၂-၄-၂၀၂၃ရက် မှ ၂၁-၅-၂၀၂၃ ရက်အထိ နေ့စဉ် ရုံးချိန်အတွင်း ချင်းပြည်နယ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ရုံးတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၂၁-၅-၂၀၂၃ရက်အထိ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ရုံးတွင် တင်ဒါတင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ချင်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဟားခါးမြို့၊ ဖုန်း၀၇၀-၂၀၂၂၅၅၇၊ ၀၉-၂၆၆၈၆၀၀၉၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်**
**စိစစ်ရွေးချယ်ရေးကော်မတီ**
**ချင်းပြည်နယ်၊ ဟားခါးမြို့**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားသည် ကျွန်ုပ်တို့မိတ်ဆွေ မိုးမိုးမြင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၀၉၇၈၁၁၃၄)မှ ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၂၆၇၆/၂၀၂၃)ဖြင့် (၁၀-၃-၂၀၂၃) နေ့တွင် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။ အဆိုပါ ကုန်အမှတ်တံဆိပ်အမည်ဖြစ်သော "MMM INDO" အမည်ဖြင့် အမျိုးသမီးဝတ် အဝတ်အထည်အမျိုးမျိုး၊ ပိတ်စအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်-

**MMM INDO** (၂၆၇၆/၂၀၂၃)

အထက်ပါ "MMM INDO"အကုန်အမှတ်တံဆိပ် အမည်နှင့် ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ကုန်အမှတ်တံဆိပ် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ မြန်မာအင်္ဂလိပ် အခေါ်ပွါးယ်တူ ဆင်တူယိုးမှား တုပသုံးစွဲခြင်းမပြုရန်နှင့် တုပသုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| LL.B, D.B.L, D.I.L, | LL.B. |

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)
Hein Htet San Law Firm ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၄၅၅၅၀၆၁၄၆

## ဖခင်အမည်မှန်

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်ထ(ခွဲ) သဒ္ဓမ္မကျွန်း Grade-7 မှ ကျောင်းဝင်အမှတ် ၁၇၃၈၊ မအိမြင့်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ခိုင် ၁၄/အဂပ(နိုင်) ၁၄၈၀၉၂ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော်သန်း ၁၁/ရဗန(နိုင်) ၀၆၄၅၈၃ ၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၄၅၀၀၀၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၆/၂၆၊ ပန်းဘဲတန်းကွင်း)၊ ဦးပိုင်အမှတ် (၁၄)၊ မြေဧရိယာ ၀ဒသမ ၀၇၈ဧက ရှိသည့် မြေသည်ဒေါ်ပိုင်ပိုင် အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် SERIAL No.43,RP No.၅၂/V of 1988-1989(30 Years)နှင့် မြေငှားဂရန် သက်တမ်းမှာ ၂၇-၂-၁၉၈၉ မှ ၂၆-၂-၂၀၁၉ ရက်အထိဖြစ်ကြောင်း၊ အဆိုပါမြေငှားဂရန် ပိုင်ဆိုင်သော မိခင်ဒေါ်ပိုင်ပိုင် သည် လွန်ခဲ့သော ၁၈ နှစ်ခန့်ကလည်းကောင်း ဖခင် ဦးသန်းတင်သည် ၂၀၁၉ ခုနှစ်ကလည်းကောင်း အသီးသီးကွယ်လွန်သွားပြီးဖြစ်သဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်သန်းသန်းပိုင်၊ ဦးသန်းကျော်စိုး၊ ဦးသန်းဇော်မိုး တို့မှ အဆိုပါ မြေငှားဂရန်ရှိ နေအိမ်နှင့်ဝိုင်းမြေတွင် အမွေဆက်ခံစီမံခန့်ခွဲ အကျိုးခံစားခွင့်ရရှိသည်မှာ မှန်ကန်ကြောင်း ၁၈-၇-၂၀၂၂ ရက်တွင် စစ်ကိုင်းမြို့နယ် တရားရုံး၌ ကျမ်းကျိန်ဆိုခဲ့၍ ၂၀-၇-၂၀၂၂ရက် တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုကာ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားရှိခဲ့ပါသည်။ ၂၀-၇-၂၀၂၂ ရက်တွင် ဒေါ်သန်းသန်းပိုင်(ဘ)ဦးသန်းတင် ၅/စကန(နိုင်)၀၃၆၄၈၀နှင့် ဦးသန်းကျော်မိုး (ခ)သန်းဇော်မိုး(ဘ)ဦးသန်းတင် ၅/စကန(နိုင်)၀၃၆၄၈၄ တို့မှ ဦးသန်းကျော်စိုး(ဘ)ဦးသန်းတင် ၅/စကန(နိုင်)၀၃၆၄၈၃ အား မြေကွက် စွန့်လွှတ်စာတမ်း စာချုပ်ချုပ်ဆို၍ စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်ထားကြောင်း၊ ယခုအခါ မြေကွက်ပိုင်ဆိုင်သူဖြစ်သည့် ဦးသန်းကျော်စိုးအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း/ သက်တမ်းတိုး လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ မည်သူမဆို ယင်းမြေကွက်နှင့် ပတ်သက်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံ/လိုင်း ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၂၄-၄-၂၀၂၃ရက် (တနင်္လာနေ့) |
| **တင်ဒါပုံစံရောင်းချမှု ပိတ်သိမ်းမည့်ရက်** | - ၅-၅-၂၀၂၃ရက်၊ ၁၆:၃၀နာရီ |
| **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** | - ၈-၅-၂၀၂၃ရက်၊ ၁၆:၃၀နာရီ |

၂။ သတ်မှတ်အချိန်/ရက်ထက်ကျော်လွန်တင်သွင်းလာသည့်လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များ စုံစမ်းခြင်း၊ တင်ဒါလျှောက်လွှာ ဝယ်ယူခြင်းများကို မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ အင်ဂျင်နီယာဌာန၊ ဖုန်း-၀၆၃-၂၀၂၅၈၀၉သို့ ရုံးချိန်အတွင်း ဝယ်ယူဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၇၅၈/က)၊ မြေအကျယ်အဝန်း(၂၀ × ၆၀)ပေရှိ သည့်အနက်မှ (၁၀× ၆၀)ပေရှိ မြေရင်းမြစ်း ၊ အမှတ်(၇၅၈/က)၊ တ/၁၅ ရပ်ကွက်၊ ပန်းခြံ ၁၅ ၊ မြေနှင့်အိမ်အရောင်းအဝယ်ကို**

**ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ ပါမစ်မြေကွက်သည် ဦးအေးလွင် (MMV-၀၀၅၉၇၆) အမည်ပေါက်ဖြစ်ပြီး ၎င်းထံမှအဆက်စပ်ကတိစာချုပ်များဖြင့် ဦးအောင်မင်းအေး(၇/မလန(နိုင်)၀၉၃၃၃၀)နှင့် ဒေါ်အေးသန္တာအောင် (၁၂/ထတပ(နိုင်) ၀၉၉၄၅၁)တို့က ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက (စရန်ငွေ) ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးနေလင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၃၄၀၅)**
**ဖုန်း - ၀၉ ၄၃၁ ၅၉၉၀၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ မြေတိုင်းဌာန၏ကွင်း/အကွက်အမှတ်နှင့်အမည်-(၆၅/ တံတားမဲ)၊ ဦးပိုင်အမှတ် (၂၄၈-ခ)၊ မြေကွက်အမှတ် (40/288)၊ ဧရိယာ ၀.၀၄၂ဧကရှိ အိမ်မြေဥပစာနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် (၁၁၀/၂၀၀၀-၂၀၀၁)ဖြင့် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းဇော် ၁၃/တကန(နိုင်)၁၀၀၄၀၆က ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးအောင်မြင့်ဝင်း ၉/ညဥန(နိုင်)၁၂၁၁၇၀က ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်အား ကန့်ကွက်လိုပါက အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြင့်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
